# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၂၁)

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်
၂၀၂၅ ခုနှစ်၊ မတ် ၅ ရက်၊ ဗုဒ္ဓဟူးနေ့


## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မိမိထက် အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။ **ဓမ္မပဒ**

## ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် သီးခြားတွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညနေပိုင်းတွင် မော်စကိုမြို့၊ ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် သီးခြားတွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ပြီး သီးခြားတွေ့ဆုံဆွေးနွေးသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် သီးခြားတွေ့ဆုံဆွေးနွေးစဉ်။


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ လိုအပ်သလောက် ဝယ်ယူရရှိနိုင်ပါသည်။**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မတ် ၅ ရက်)

# တိုင်းပြည်သာယာဝပြောရေး အဓိကထားဆောင်ရွက်

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသည့် ပြည်သူများ၏စားသောက်ရေးအတွက် အဓိကစွမ်းဆောင်ပေးနေသောအဖွဲ့အစည်းမှာ တောင်သူလယ်သမားများဖြစ်သည်။ တောင်သူလယ်သမားတို့၏ လုပ်အားဖြင့်ဖြစ်ထွန်းလာသော စိုက်ပျိုးရေးသီးနှံများ၊ မွေးမြူရေးထုတ်ကုန်များကြောင့် မြန်မာနိုင်ငံရှိ ပြည်သူများအားလုံး စားသောက်ရေးတွင် အဆင်ပြေနေခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရ၏စီးပွားရေး ဦးတည်ချက်တွင် "တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး" ဟူ၍ ချမှတ်ထားသည်။

တောင်သူလယ်သမားများ၏အကျိုးစီးပွားကိုရှေးရှု၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်တွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ကိုဖွဲ့စည်းခဲ့သည်။ တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းများအပေါ် ထိရောက်စွာအကျိုးပြုနိုင်မည့်လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်၍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ပေးလျက်ရှိသည်။ လယ်ယာထွက်ကုန်နှင့်တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများကို ပြည်တွင်းဖူလုံမှုသာမက ပြည်ပသို့တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ သီးနှံများအထွက်တိုးရေးပင်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် သီးနှံများကိုပန်းတိုင်အထွက်နှုန်းများရရှိရေး အလေးပေးဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် မျိုးကောင်းမျိုးသန့်များပြောင်းလဲသုံးစွဲရေး၊ မြေကိုစနစ်တကျပြုပြင်ရေး၊ ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာများ အချိန်ကိုက်အချိုးကျစနစ်တကျသုံးစွဲ၍ မြေဆီလွှာဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး၊ စိုက်ပျိုးရေ အောင်ရေရရှိရေးနှင့် စိုက်နည်းစနစ်မှန်ကန်ရေး စသည့် မျိုး၊ မြေ၊ ရေ၊ နည်းဟူသော နည်းလမ်းလေးသွယ်ပြည့်စုံကောင်းမွန်ရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးလျက်ရှိသောစိုက်ပျိုးမြေများတွင် စိုက်ပျိုးသည့်သီးနှံအလိုက် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ကြိုးစားဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအားနှစ်ဆမှ သုံးဆအထိရရှိအောင်ကြိုးစားဆောင်ရွက်ခြင်းဖြင့် တောင်သူများအတွက် ဝင်ငွေတိုးစေနိုင်သကဲ့သို့ နိုင်ငံတော်အတွက်လည်း စီးပွားဖွံ့ဖြိုးတိုးတက်စေသည်။ သီးနှံများပိုမိုထွက်ရှိရေးနှင့်သီးထပ်စွမ်းအားမြင့်မားစေရေးအတွက် တစ်သီးစိုက်လယ်မြေများကို နှစ်သီးစိုက်၊ သုံးသီးစိုက် စသည့်သီးထပ်စိုက်ပျိုးနိုင်ရေးကို ဒေသအလိုက်၊ ရာသီအလိုက်သီးနှံပုံစံများချမှတ်ဆောင်ရွက်လျက်ရှိသည်။ သီးနှံများတွင် ပန်းတိုင်အထွက်နှုန်းသတ်မှတ်ထားရှိခြင်းမှာ စနစ်တကျသုတေသနပြုစိုက်ပျိုးခြင်းမှ ပေါ်ထွက်လာသည့်သတ်မှတ်ချက်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ တောင်သူလယ်သမားနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာတွင် **"နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင်အထောက်အကူပြုရန်လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(၁၅)ကျောင်းဖွင့်လှစ်သင်ကြားပေးလျက်ရှိရာတွင် အလယ်အလတ်အဆင့်စိုက်ပျိုးမွေးမြူရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များမွေးထုတ်ပေးနိုင်ခဲ့သည့်အပြင် အခြေခံပညာအထက်တန်းကျောင်းများတွင်တွဲဖက်၍ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအတတ်ပညာသင် အထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ ဖွင့်လှစ်ပေးခဲ့ရာ လက်ရှိတွင် စုစုပေါင်း(၈၅)ကျောင်းအထိဖွင့်လှစ်ထားပြီးဖြစ်ပါသည်"**ဟူ၍ ဖော်ပြထားပါသည်။

စိုက်ပျိုးသီးနှံများအောင်မြင်ဖြစ်ထွန်းရန်နှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ရာတွင် ဆည်ရေပေးဝေမှုလုပ်ငန်းသည် လွန်စွာအရေးပါသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဆည်မြောင်းစီမံကိန်းများကို အလေးထားရင်းနှီးမြှုပ်နှံပေးလျက်ရှိသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် ရေလှောင်တမံ ၂၄၆ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊ ကန် ၇၂ ခု၊ ရေတံခါး ၁၉၉ ခု၊ ရေတင်လုပ်ငန်း ၂၁၉ ခုတို့ကို ဆောင်ရွက်ထားရှိပြီးဖြစ်သည်။ လက်ရှိတွင်စိုက်ပျိုးသီးနှံဧက ၃၁ သိန်းကျော်အား အကျိုးပြုလျက်ရှိသည်။ စိုက်ပျိုးရေရရှိမှုခက်ခဲသည့်ဒေသများတွင် မြေအောက်ရေအရင်းအမြစ်များကိုအသုံးပြုရန်စက်ရေတွင်း ၂၅၇၆၉ တွင်းကို တူးဖော်ထားရှိပေးထားပြီး မြေအောက်ရေလှောင်တမံများကို တည်ဆောက်ပေးလျက်ရှိသည်။ ထို့ပြင် ယာယီချောင်းပိတ်တမံများတွင် ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေခြင်း၊ ရေကြီးနစ်မြုပ်မှုနှင့် ပင်လယ်ရေငန်ဝင်ရောက်မှုမှကာကွယ်နိုင်ရန်အတွက် ရေဘေးကာကွယ်ရေးတာများ၊ ရေငန်တားတာများတည်ဆောက်ခြင်းနှင့် ချောင်းကော၊ မြောင်းကောများ၊ ချောင်းရိုးများနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေးနှင့်မွေးမြူရေးတွဲဖက်ဆောင်ရွက်ပေးခြင်းဖြင့် လူမှုစီးပွားဘဝပိုမိုမြင့်မားလာမည်ဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများအတွက် အရင်းအနှီးလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက်မတည်ငွေများထုတ်ပေးပံ့ပိုးလျက်ရှိသည်။ လယ်ယာထွက်ကုန်နှင့်တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများကို ပြည်တွင်းဖူလုံမှုသာမက ပြည်ပသို့တင်ပို့နိုင်ရန် အရှိန်အဟုန်မပြတ်ထုတ်လုပ်နိုင်ခြင်းဖြင့် တိုင်းပြည်သာယာဝပြောရေးကို အလေးထားဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

**(က)** **ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး(၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှအားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။**

**(ခ)** **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။**

**(ဂ)** **နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။**

**(ဃ)** **ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။


မြဝတီ နေ့စဉ်
The Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၁၂၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း) သင်တန်းအမှတ်စဉ်(၄၃) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် မတ် ၄

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်နှင့် ရန်ကုန်တို့တွင် မြန်မာနိုင်ငံစာရင်းကောင်စီမှကြီးမှူးဖွင့်လှစ်သည့် ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း) သင်တန်းအမှတ်စဉ် (၄၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၂) ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီနှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက Online ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယစာရင်းစစ်ချုပ်က ယခုသင်တန်းသည် စာရင်းပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုမည့်သူများအတွက် အခြေခံကောင်းများရရှိစေမည့်အပြင် စာရင်းပညာရှင် (လက်မှတ်ရပြည်သူ့စာရင်းကိုင်–CPA) အဖြစ်ဆက်လက်လျှောက်လှမ်းနိုင်မည့် သင်တန်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံပိုင်ကဏ္ဍနှင့်ပုဂ္ဂလိကပိုင်ကဏ္ဍတို့ရှိစာရင်းလုပ်ငန်းနယ်ပယ်များတွင် အားထားရသည့် စာရင်းကျွမ်းကျင်သူများအဖြစ် ပါဝင်ဆောင်ရွက်နိုင်စေရေး၊ လက်တွေ့ဘဝအသက်မွေးမှုတွင် ပြန်လည်အသုံးချနိုင်စေရေးတို့အတွက် သင်ကြားပို့ချမှုများကို အလေးထားလေ့လာမှတ်သားကြရန်၊ ခေတ်နှင့်အညီ ရင်ပေါင်တန်းဆောင်ရွက်နိုင်စေရေးအတွက် စာရင်းပညာဆိုင်ရာ၊ နည်းပညာဆိုင်ရာ အသစ်ဖြစ်ပေါ်တိုးတက်မှုများကို စဉ်ဆက်မပြတ်လေ့လာသင်ယူကြရန်နှင့် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်များသို့ တက်လှမ်းနိုင်သူများဖြစ်စေရန် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း ရန်ကုန်သင်တန်းကျောင်းတာဝန်ခံက သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို နေပြည်တော်သင်တန်းကျောင်း၌ သင်တန်းသား ၂၅ ဦးနှင့် ရန်ကုန်သင်တန်းကျောင်း၌ သင်တန်းသား ၁၇ ဦး စုစုပေါင်းသင်တန်းသား ၄၂ ဦးတို့ကို ဘာသာရပ်ခြောက်ခုဖြင့် ၁၀ လကြာ တစ်ပြိုင်တည်း ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း / အားကစားရုံများ ဒုတိယဝန်ကြီး ဦးထိန်လင်း လိုက်လံကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၄

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထိန်လင်းသည်ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းနှင့်အတူ ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ပဒေသာအားကစားကွင်းသို့ ရောက်ရှိပြီး တိုင်းရုံးနှစ်ထပ် (၈၁ ပေ x ၅၇ ပေ x ၂၃ ပေ) တည်ဆောက်နေမှု၊ ရန်ကုန်တိုင်းဒေသကြီး ဘိလိယက်နှင့်စနူကာအားကစားခန်းမ၌ အားကစားသမားများလေ့ကျင့်နေမှုကို ကြည့်ရှု၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပဒေသာအားကစားကွင်းအတွင်းရှိတိုင်းဒေသကြီးလက်ဝှေ့နှင့်အလေးမလေ့ကျင့်ရေးရုံနှင့် မီတာ ၄၀၀ Synthetic ပြေးလမ်းပါဘောလုံးကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်သို့ ရောက်ရှိပြီး ရေကူးကန် စက်ခန်းနံရံပြုပြင်ခြင်း၊ Filter ပိုက်လိုင်းများ ရေဝင်ရေထွက်ကောင်းမွန်မှုနှင့် ရေကူးကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အင်းယားလမ်းရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်သို့ရောက်ရှိပြီး နည်းပြများကိုတွေ့ဆုံ၍ လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်များဆွတ်ခူးရရှိရေးနှင့် ယခင်အောင်မြင်မှုများထက် ပိုမိုအောင်မြင်မှုများရရှိရေး အထူးကြိုးစားကြစေလိုကြောင်း ပြောကြားပြီး အားကစားသမားများလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“အမေရိကန် နိုင်ငံရေးမူဝါဒအပြောင်းအလဲမှာ ခွက်ပျောက်သွားတဲ့ NUG”** ခေါင်းစဉ်ဖြင့် ၅–၃–၂၀၂၅ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ယဉ်ကျေးမှုအမွေစောင့်ထိန်းသူများကို အငြိုးထား ဘာသာတရားမဲ့တဲ့ ပြည်ဖျက်အကြမ်းဖက် PDF ”** ခေါင်းစဉ်ဖြင့်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၅ ခုနှစ်၊ မတ်လ (၂၇)ရက်နေ့တွင် ရောက်ရှိမည့် နှစ်(၈၀)ပြည့် **“တပ်မတော်နေ့”**ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၇–၃–၂၀၂၅)ရက် (သောကြာနေ့) ညတွင် တပ်မတော်ဆိုင်ရာတေးသီချင်းများကို မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ **“ပြည်ချစ်သားမွန် တေးသဝဏ်”** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်–

**(၇–၃–၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ “ပြည်ချစ်သားမွန် တေးသဝဏ်” တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ဗမာဇာနည် | ပြင်ပအဆိုရှင် |
| ၂။ | ပြည်ချစ်သားတို့အားမာန်ဝေ | ပြင်ပအဆိုရှင် |
| ၃။ | စာဆိုစစ်သည် | ပြင်ပအဆိုရှင် |
| ၄။ | ဘယ်နေ့ပြန်လာမှာလဲမောင် | ဌာနအဆိုရှင် |
| ၅။ | နီရဲတဲ့တို့သွေး | ဌာနအဆိုရှင် |
| ၆။ | ဖွဲ့ရိုတဲ့ချစ်ရဲဘော် | ပြင်ပအဆိုရှင် |
| ၇။ | အသက်ထက်မြတ်တဲ့ဂုဏ် | ပြင်ပအဆိုရှင် |
| ၈။ | သပြေညို | တူယှဉ်ပွဲပျော် ဂီတပွဲတော်ဆုရအဆိုရှင် |
| ၉။ | အကြိုတော် | ပြင်ပအဆိုရှင် |
| ၁၀။ | ဇာနည်စစ်သည် | ပြင်ပအဆိုရှင် |

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင် ကျောင်းများ၌ အဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်

နေပြည်တော် မတ် ၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများဖွင့်လှစ်ထားရှိပြီး စက်ချုပ်သင်တန်းများ၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းများကို အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ဖြင့်သင်ကြားပေးလျက်ရှိသည်။

ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခုကို နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများတွင် စနေ၊ တနင်္ဂနွေနေ့ အထူးသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများတွင် ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် အဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းကိုဖေဖော်ဝါရီလ ၁၇ ရက်မှ မတ်လ ၂၈ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၀ ကျောင်းတွင် သင်တန်းသား၊ သင်တန်းသူ ၂၃၉ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

(၅၀၀)



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### ဘကြီးဘဖေ၏ဉာဉ်

ဌင်းနှစ် မေလကုန်ခါနီးတွင် ကျွန်ုပ်တို့ လင်မယားသည် ဝက်လက်မြို့မှ ရန်ကုန်သို့ဆင်းလာကြ၍ ယောက္ခမများ၏နေအိမ်၌ တည်းခိုနေထိုင်ကြသည်။ ပြောင်းရွှေ့ကြခြင်း၏ရည်ရွယ်ချက်မှာ ဝတ္ထုရေးသမား တစ်ယောက်အဖို့ရာ ရန်ကုန်မြို့ကြီးသည် တောမြို့လေးထက် အခွင့်အလမ်းပွင့်၍ မျှော်လင့်စရာများသည်ဟုတွက်မိသောကြောင့် ဖြစ်၏။ ကျွန်ုပ်၏ဇနီး၌ မွေးပေါက်ဖော် (သူပါ) ရှစ်ယောက်မျှရှိရာ ယောက္ခမများသည်လည်းကောင်း၊ မရီးများ၊ ခယ်မများ၊ ယောက်ဖများသည်လည်းကောင်း ကျွန်ုပ်အပေါ်၌ ကြင်နာခြင်း၊ တွယ်တာခြင်း၊ ခင်မင်လေးစားခြင်းရှိကြသည်ဖြစ်၍ ကျွန်ုပ်အဖို့ စိတ်ချမ်းသာမှုရှိပါပေသည်။

ဝတ္ထုရေးသမားတစ်ယောက်ဟူသည်မှာ ထိုခေတ်တွင် ခပ်ဆန်းဆန်းဖြစ်သော်လည်း ကျွန်ုပ်အား ခေတ်ပညာတတ်တစ်ယောက်အနေဖြင့် လေးစားကြပါပေသည်။ ယောက်ဖများကလည်း (ကျွန်ုပ်၏ထူးဆန်းသောအကျိုးပေးအတိုင်း) ညီရင်းအစ်ကိုတမျှ ချစ်ခင်ကြင်နာကြပါပေသည်။ ထိုအတောအတွင်း ကျွန်ုပ်သည် ဘကြီးဘဖေနှင့်သွားရောက်တွေ့ဆုံ၍ ဝတ္ထုရေးခြင်းအကြောင်း ဆွေးနွေးလေရာ ဘကြီးဘဖေက East Lynn အိစလင်ဝတ္ထုကိုမှီပြီး မြန်မာဝတ္ထုဖြစ်အောင်ရေးဖို့ အကြံပေးသည်နှင့် ယင်းနှစ် စက်တင်ဘာလအတွင်းပြီးစီးအောင် ရေးသားပေးပို့လိုက်၏။ ယင်းဝတ္ထုမှာ ပထမ၊ ဒုတိယဟူ၍ နှစ်တွဲထုတ်ရသော်လည်း ၁၆၅ ကျပ်မျှသာရသောကြောင့် ဆရာလွန်းက (နောင်တွင်) အလွန်နည်းသည်ဟုပြောဖူးပါသည်။ ရန်ကြီးအောင်ဝတ္ထုနှင့် ရတနာပုံဝတ္ထုများအတွက် ဈေးနှုန်းဖြတ်သူမှာ ဘကြီးဘဖေဖြစ်ရာ ထိုပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်၏ ပါးရှားသောအခြေအနေကိုရိပ်မိ၍ သူရိယတိုက်အကျိုးအတွက် သက်သက်ကိုသာကြည့်ပြီး ကျွန်ုပ်အားဈေးနှုန်းဖိနှိပ်၍ ဆစ်လိုက်သည့်လက္ခဏာရှိ၏။

(၁၉၅၃ ခုနှစ်တွင် ရတနာပုံဝတ္ထုကိုကျောင်းသုံးအဖြစ် ပြဋ္ဌာန်းရာတွင် တစ်ခုသော ပုံနှိပ်တိုက်ပိုင်ရှင်က သူရိယတိုက်မှ ယင်းစာမူများကို ငွေ ၃၀၀ ကျပ်မျှနှင့် ဝယ်ယူသွားပြီး သောင်းချီ၍အမြတ်ထုတ်နိုင်လေသည်။ ကျွန်ုပ်အတွက် ငွေ ၅၅၀၀ ကျပ် ရသေးသော်လည်း သူရိယတိုက်မှုကား ငွေ ၃၀၀ ကျပ်နှင့်ပင် ပြီးရလေတော့သည်။ ကျွန်ုပ်သည် မိမိကိုယ်ကို သူတော်ကောင်းကြီးတစ်ယောက်ဟူ၍ မကြေညာလိုသော်လည်း ဤသို့သောအခြင်းအရာမျိုးမှာ ကျွန်ုပ်၏တစ်သက်တာ၌ အကြိမ်များစွာ တွေ့ခဲ့ရပါသည်)

■ ■ ■ ■ ■ ■ ■

### တတိယကဏ္ဍကြီး
### [ မောင်ဖေသိန်းမှ ကိုဖေသိန်းသို့ ]
### သူရိယတိုက်သားဖြစ်လာခြင်း

၁၉၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကျွန်ုပ်သည် သူရိယမဂ္ဂဇင်းအယ်ဒီတာအဖြစ်နှင့် သူရိယတိုက်သားတစ်ယောက်ဖြစ်လာ၏။ သူရိယတိုက်အုပ်နှစ်ယောက် (ဦးဘဖေနှင့် ဦးလှဖေ) တို့သည် ကျွန်ုပ်၏လက်စွမ်းလက်စကိုမြင်ကြသည်နှင့် သူရိယမဂ္ဂဇင်းထုတ်ဖို့ အကြံဖြစ်ပေါ်လာကြသည်ဟု

> **"ကျွန်ုပ်သည် ပီမိုးနင်းနှင့် တစ်စားပွဲတည်းမျက်နှာချင်းဆိုင်ထိုင်လိုက်ကြရာတွင် တစ်ယောက်နှင့်တစ်ယောက် လူကဲခတ်ကြ၏။ ပီမိုးနင်းက ကျွန်ုပ်အကြောင်းကိုသိထားနှင့်သလောက် ကျွန်ုပ်က ပီမိုးနင်းအကြောင်းကိုမသိရသေးချေ။ (စင်စစ်မှာ ထိုစဉ်ကမူ ကျွန်ုပ်သည် ပီမိုးနင်းဟူ၍မသိရသေးဘဲ 'ကိုကျော်' ဟူ၍သာသိပေရာ သူရိယတိုက်မှထွက်သွားပြီးနောက် ပညာ့အလင်းသတင်းစာတွင် အယ်ဒီတာဖြစ်လာသောအခါမှ ပီမိုးနင်းဟူသောအမည်ကိုကြားရဖူး၏။ သို့နှင့်ပင် ပထမ၌ ပီမိုးနင်းနှင့် ကိုကျော်သည် လူတစ်ယောက်တည်းဖြစ်သည်ဟု ကျွန်ုပ်မသိပေ။) . . ."**

နောင်တွင် သိရ၏။ လခမှာပထမတွင် ၇၅ ကျပ် ဖြစ်သော်လည်း သုံးလလောက်တွင် ၁၀၀ ကျပ် – ၁၈၀ ကျပ်သို့ တိုးမြှင့်ပေးကြပါသည်။ ကျွန်ုပ်ရေးခဲ့သောဝတ္ထုနှစ်အုပ်အနက် ရန်ကြီးအောင်ဝတ္ထုမှာ ရေးဦးစွာရေးခြင်းဖြစ်သော်လည်း သူရိယတိုက်က ရတနာပုံဝတ္ထုကို အရင်အသုံးပြု၍ ၁၉၁၆ ခုနှစ် အောက်တိုဘာလမှစပြီး သူရိယသတင်းစာတွင် ရက်ခြားထည့်ပေး၏။ ယင်းနောက် စာအုပ်အဖြစ် ထုတ်သောအခါတွင်လည်း သူ့ခေတ်တွင် Best Seller အတွင်ကျယ်ဆုံးရောင်းရသည့် စာအုပ်တစ်အုပ်ဖြစ်လာပါသည်။ ကျွန်ုပ် သူရိယတိုက်သားတစ်ယောက်ဖြစ်ခါစအချိန်၌ ရတနာပုံဝတ္ထုမှာစာအုပ်အဖြစ်နှင့် ထွက်လာခြင်းဖြစ်ရာ နံနက်အချိန်တွင် ကျွန်ုပ်တိုက်သို့ရောက်သွား၍ စာအုပ်ရောင်းစာရေးကအမြို့မြို့မှ လက်လီမှာထားကြသော ရတနာပုံဝတ္ထုစာအုပ်အဖုံးစိမ်းများကိုသူ့စားပွဲရှေ့၌ဖြန့်ထားသဖြင့် တစ်ခန်းလုံးစိမ်းလျက်ရှိခြင်းကို ကျွန်ုပ်တွေ့ရသည်နှင့် စာရေးဆရာလက်သစ်တစ်ယောက်အနေဖြင့် အလွန်ကျေနပ်နှစ်သိမ့်မိခြင်းကိုမှတ်မိပါသေးသည်။ ထိုခေတ်၌ ဝတ္ထုစာအုပ်အမြောက်အမြားပေါ်ထွက်သေးသည် မဟုတ်သည့်အလျောက် တိုက်သွား၊ တိုက်ပြန်အချိန်များတွင် ဓာတ်ရထား (ဘတ်စကားမပေါ်သေး။) မီးရထားများပေါ်၌ စာရေးစာချီ အလုပ်သမားများ၏ဝေဖန်ချက်များကိုကြားရသည်မှာလည်း အားရှိစရာကောင်းလှပါပေသည်။ (ဤခေတ်၌မူမြန်မာပြည်တွင် ဝတ္ထုနှင့်စာရေးဆရာ၏ နေရာကို ရုပ်ရှင်ဇာတ်ကားနှင့်ဇာတ်လိုက်များက ယူသွားကြသည့် လက္ခဏာရှိပေ၏။)

### သတင်းစာတိုက်တွင်လေ့လာခြင်း

ဤနေရာတွင် ကျွန်ုပ်နှင့် အကျွမ်းတဝင်ဖြစ်ခဲ့သော သူရိယတိုက်သား (စာရေးဆရာများ) အကြောင်းကိုရေးသားဖော်ပြရပေဦးမည်။ သူရိယမဂ္ဂဇင်းကို ၁၉၁၇ ခုနှစ် မတ်လတွင်စတင်၍ ထုတ်မည်ဟုသတ်မှတ်ထားရာ ကျွန်ုပ်မှုကားဖေဖော်ဝါရီလ ၁ ရက်မှစ၍ အလုပ်ဝင်ရမည်ဖြစ်၏။ ကျွန်ုပ်မှာအားလပ်လျက်ရှိသည်တစ်ကြောင်း၊ သတင်းစာတိုက်အလုပ်အကြောင်းကို စမ်းဝါးမိစေရန်အတွက်တစ်ကြောင်း ဖေဖော်ဝါရီလ ၁ ရက်တိုင်အောင်မဆိုင်းဘဲ ဇန်နဝါရီလလယ်လောက်ကတည်းက တိုက်သို့ဝင်ပြီး (လခမရှိဘဲ) လေ့လာပါရစေဟု အခွင့်တောင်းသဖြင့် အခွင့်ရခဲ့သည်။ ကျွန်ုပ်သည် ဝတ္ထုရေးသမားတစ်ယောက်အနေဖြင့် ဦးဘဖေတစ်ယောက်တည်းနှင့်သာဆက်ဆံရ၍ သိကျွမ်းခဲ့ရာ ထိုနေ့တွင် ဦးဘဖေက ကျွန်ုပ်အားဦးလှဖေနှင့် မိတ်ဆက်ပေးလေသည်။ ဦးဘဖေသည် သတင်းစာရိုက်နှိပ်သူအဖြစ်လည်းကောင်း၊ ဦးလှဖေသည် ထုတ်ဝေသူအဖြစ်လည်းကောင်း မှတ်ပုံတင်ထားကြ၍ နှစ်ယောက်စလုံးတိုက်အုပ်အဖြစ်နှင့် အသိအမှတ်ပြုကြခြင်းခံရလေရာ ၎င်းတို့၏တာဝန်မှာမူ ဦးလှဖေသည် အထွေထွေမန်နေဂျာဖြစ်၍ ဦးဘဖေမှာ ကြော်ငြာဘက်သက်သက် အုပ်ချုပ်ရသူဖြစ်လေသည်။ ဦးဘဖေသည် သူရိယသတင်းစာတွင် 'နတ်ကြီးသုံးပါးခန်း' ကိုင်ခြင်းမှတစ်ပါး တခြားတာဝန်များကိုမယူ။ ဦးလှဖေသည်သာလျှင် အကြီးအကဲဖြစ်လေရာ ဦးဘကလေးမှုကား သူရိယနေ့စဉ်သတင်းစာအယ်ဒီတာဖြစ်၍ ကျွန်ုပ်နှင့် ဆက်ဆံမှုအလွန်နည်းပါးခဲ့သည်။ ကျွန်ုပ်သည် သူရိယမဂ္ဂဇင်းအလုပ်တွင် ဦးလှဖေလက်အောက်၌လုပ်ရ၍ အများဆုံးဆက်ဆံမှုရှိသူဖြစ်လေသည်။ ကျွန်ုပ်နှင့် မိတ်ဆက်ပြီးသည့်နောက် ဦးလှဖေသည် ကျွန်ုပ်အတွက် နေရာတသီးတခြားပြင်ဆင်မထားရသေးသည်နှင့် ကျွန်ုပ်အား ပီမိုးနင်း၏စားပွဲတွင် အတူထိုင်ဖို့ နေရာချထားပေး၏။ ပီမိုးနင်းကား နေ့စဉ်သတင်းစာဘက်တွင် လက်ထောက်အယ်ဒီတာတစ်ယောက်ဖြစ်၍ ဦးဘကလေး၏လက်အောက်၌ ခေါင်းကြီးများရေးသောတာဝန်ကို ယူရလေသည်။

### ကိုကျော်(ခေါ်) ပီမိုးနင်း

ကျွန်ုပ်သည် ပီမိုးနင်းနှင့် တစ်စားပွဲတည်းမျက်နှာချင်းဆိုင်ထိုင်လိုက်ကြရာတွင် တစ်ယောက်နှင့်တစ်ယောက် လူကဲခတ်ကြ၏။ ပီမိုးနင်းက ကျွန်ုပ်အကြောင်းကိုသိထားနှင့်သလောက် ကျွန်ုပ်က ပီမိုးနင်းအကြောင်းကိုမသိရသေးချေ။ (စင်စစ်မှာထိုစဉ်ကမူ ကျွန်ုပ်သည် ပီမိုးနင်းဟူ၍မသိရသေးဘဲ 'ကိုကျော်'ဟူ၍သာသိပေရာ သူရိယတိုက်မှထွက်သွားပြီးနောက် ပညာ့အလင်းသတင်းစာတွင် အယ်ဒီတာဖြစ်လာသောအခါမှ ပီမိုးနင်းဟူသောအမည်ကိုကြားရဖူး၏။ သို့နှင့်ပင် ပထမ၌ ပီမိုးနင်းနှင့် ကိုကျော်သည် လူတစ်ယောက်တည်းဖြစ်သည်ဟု ကျွန်ုပ်မသိပေ။) ဦးလှဖေက ကိုကျော်ဟူသောအမည်ဖြင့် ကျွန်ုပ်နှင့် မိတ်ဆက်ပေးသဖြင့် ကျွန်ုပ်သည် မျက်နှာချင်းဆိုင်ထိုင်လျက်ရှိသော ကိုကျော်ကိုလှမ်းကြည့်လိုက်ရာ ကျွန်ုပ်နှင့် တစ်နေ့နေ့တွင် ရင်းနှီးသော မိတ်ဆွေတစ်ယောက်ဖြစ်လာနိုင်ဖို့ရှိခြင်းကို ထိုနေ့ကပင် အကဲခတ်မိသည်ဟုရေးသားဖော်ပြပါက ကြွားသည်ဟုထင်ကောင်းထင်ကြပေလိမ့်မည်။ စင်စစ်သော်ကား ကျွန်ုပ်သည်မိမိနှင့်အကျွမ်းတဝင်ဖြစ်မည့်လူဟုတ်၊ မဟုတ်ကိုတစ်ထိုင်တည်းနှင့် အကဲခတ်နိုင်ပေရာ ကျွန်ုပ်၏အကဲခတ်ခြင်းမှာ တစ်သက်လုံးတွင် ၉၀ ရာခိုင်နှုန်းကျော်မျှ မှန်ကန်ခြင်းကို တွေ့ရပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ရွှေကျင်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကျင်းပ



ရွှေကျင် မတ် ၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ရွှေကျင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ မတ်လ ၄ ရက်တွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ရွှေကျင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဲစုအောင်က ကလေးလုပ်သားမည်ကဲ့သို့ ပေါ်ပေါက်လာသည်ဆိုသည့်အကြောင်းအရာများ၊ ကလေးလုပ်သားများပပျောက်အောင် မည်သို့ဖြေလျှော့ရမည့်နည်းလမ်းများအကြောင်း၊ ကလေးလုပ်သားများ၏လုပ်ငန်းခွင်အန္တရာယ်များအကြောင်း စသည်တို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များကို တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း၊ အသိပညာပေးဟောပြောပွဲသို့ ညောင်ဝိုင်းရပ်ကွက်၊ ပန်းဘဲတန်းရပ်ကွက်နှင့် မကျည်းတန်းရပ်ကွက်တို့မှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu နှင့်တွေ့ဆုံဆွေးနွေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu နှင့် တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu အား ပြည်ထောင်စုစည်သူသင်္ဂဟာဘွဲ့၊ စည်သူဘွဲ့ကို ချီးမြှင့်အပ်နှင်းစဉ်။

**နေပြည်တော် မတ် ၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့သို့ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu အား ၎င်း၏အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ နိုင်ငံတော်စီမံအုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဗိုလ်ချုပ်ကြီးမိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းတို့ တက်ရောက်ခဲ့သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူးရုံးသို့ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မော်စကို၌ကျင်းပမည့် နှစ် ၈၀ ပြည့် ဖက်ဆစ်တော်လှန်ရေးနေ့ အခမ်းအနား၌ မြန်မာကိုယ်စားလှယ်များ တက်ရောက်ရေးနှင့် လုံခြုံရေးဖိုရမ်များ၌ မြန်မာကိုယ်စားလှယ်များဖိတ်ခေါ်ခြင်းဆိုင်ရာ ကိစ္စရပ်များအား ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu အား ပြည်ထောင်စုစည်သူသင်္ဂဟာဘွဲ့၊ စည်သူဘွဲ့ကို ချီးမြှင့်အပ်နှင်းခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E.Vladimir Vladimirovich Putin တို့ မီဒီယာများနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံအပြန်အလှန်ပူးတွဲကြေညာချက်များနှင့် ပြောကြားချက်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ ရုရှားနိုင်ငံကို အလည်အပတ်ခရီး လာရောက်တဲ့အတွက် ကြိုဆိုပါတယ်။ နှစ်နိုင်ငံအကြားမှာ စိတ်ချယုံကြည်ရတဲ့ ဆက်ဆံရေးလည်းရှိပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုကို အဓိကထားဆွေးနွေးချင်ပါတယ်၊ ကျွန်တော်တို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကြေညာချက်ကို လွန်ခဲ့တဲ့နှစ်တွေကတည်းက လက်မှတ်ရေးထိုးခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်ကစပြီး ဆိုဗီယက်ပြည်ထောင်စုက နိုင်ငံများအနက် ရုရှားနိုင်ငံက မြန်မာနိုင်ငံရဲ့လွတ်လပ်ရေးကို ပထမဆုံး အသိအမှတ်ပြုခဲ့ပါတယ်။ နောင် ဆိုဗီယက်ပြည်ထောင်စုက မြန်မာနိုင်ငံကို အကူအညီတွေပေးခဲ့ပါတယ်။ ပြီးတော့ ပညာရှင်များကိုလည်း ကူညီပေးခဲ့ပါတယ်။ ဆိုဗီယက်ပြည်ထောင်စုရဲ့အကူအညီနဲ့ မြန်မာနိုင်ငံမှာ ပညာရေးနဲ့ ကျန်းမာရေးနယ်ပယ်၌ အရေးကြီးတဲ့စီမံကိန်းကိုအကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ အခုလက်ရှိမှာလည်း ရုရှားနိုင်ငံက မြန်မာနိုင်ငံကို အားပေးကူညီလျက်ရှိပြီး မြန်မာစက်မှုစီးပွားရေး အခန်းကဏ္ဍမှာလည်း အကူအညီပေးပါတယ်။ မြန်မာနိုင်ငံ ပြည်တွင်းရေးအခြေအနေကိစ္စရပ်များ ကောင်းမွန်စေဖို့အတွက်ကိုလည်း ထောက်ခံအားပေးနေပြီးတော့ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီကြေညာချက်မှာ ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် ပြောင်းလဲအတည်ပြုခဲ့ပါတယ်။ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုမှာ ကျွန်တော်တို့ ဆတက်ထမ်းပိုးဖွံ့ဖြိုးတိုးတက်စေဖို့ပါရှိပါတယ်။ လွန်ခဲ့တဲ့နှစ်က ကျွန်တော်တို့ နှစ်နိုင်ငံကုန်သွယ်ရေးပမာဏ ၄၀ ရာခိုင်နှုန်းခန့် တိုးမြင့်ခဲ့ပြီး ယခင်က သန်း ၂၀၀၀ ခန့် ရှိပါတယ်၊ ကျွန်တော်တို့အပြန်အလှန်ကုန်သွယ်ရေးကို တိုးတက်စေဖို့ အဆင်သင့်ရှိပါတယ်၊ ချေးငွေနဲ့ ဘဏ္ဍာရေးနယ်ပယ်မှာလည်း ကျွန်တော်တို့အနေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့နှစ်နိုင်ငံရဲ့အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကော်မရှင်ကလည်း တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်နေပါတယ်။ မကြာခင်က ကုန်သွယ်ရေးကော်မရှင်အစည်းအဝေးကို နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ စွမ်းအင်အခန်းကဏ္ဍမှာလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ဖို့ စီစဉ်နေပါတယ်။ အခြားနယ်ပယ်တွေမှာလည်း ပူးပေါင်းဆောင်ရွက်သွားဖို့ မိမိတို့အနေနဲ့ အသင့်ရှိပါတယ်။ အထူးသဖြင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များတိုးတက်ရေး၊ မြန်မာနိုင်ငံတွင် အသေးစားအဏုမြူစခတ်အားပေးစက်ရုံဆောက်လုပ်ရေးအတွက် သဘောတူညီခဲ့ပါတယ်။ မြန်မာနိုင်ငံစီးပွားရေးအတွက် လိုအပ်တဲ့ လျှပ်စစ်ဓာတ်အား ပေါပေါများများပေးနိုင်ပါမယ်။ မြန်မာနိုင်ငံမှာဆောက်လုပ်ရေးနဲ့ ပတ်သက်တဲ့ သဘောတူညီချက်အချို့ရှိခဲ့ပါတယ်။ အဲဒါကြောင့် မြန်မာနိုင်ငံမှာ စီးပွားရေးနဲ့ပတ်သက်ပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းနဲ့ ပညာရပ်ပိုင်းဆိုင်ရာတွေကိုလည်းရရှိနိုင်မှာဖြစ်ပါတယ်၊ စက်မှုနှင့် အဆင့်မြင့်နည်းပညာနယ်ပယ်မှာ ကျွန်တော်တို့ ပူးတွဲစီမံကိန်းကို အကောင်အထည်ဖော်နေပါတယ်။ ရုရှားနိုင်ငံအကူအညီနဲ့ မြန်မာနိုင်ငံမှာ ဂြိုဟ်တုက ရရှိထားတဲ့ အချက်အလက်များ လေ့လာရေးစင်တာကိုဖွဲ့စည်းထားပါတယ်။ အဆွေတော်ဝန်ကြီးချုပ်အနေနဲ့လည်း ရုရှားနိုင်ငံ ဒုံးပျံနှင့်အာကာသဗဟိုဌာနကို လေ့လာခဲ့ပါတယ်။ ရုရှားနိုင်ငံက အာကာသနယ်ပယ်မှာ အောင်မြင်မှုနဲ့ပတ်သက်ပြီး ဗဟုသုတများစွာ ရရှိနိုင်မှာပဲဖြစ်ပါတယ်။ ကျွန်တော်တို့နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနယ်ပယ်နဲ့ လူသားချင်းစာနာမှုနယ်ပယ်မှာလည်း ပူးပေါင်းဆောင်ရွက်ပါမယ်၊ မြန်မာနိုင်ငံမှာ ရုရှားယဉ်ကျေးမှုဗဟိုဌာနကို ဖွင့်ဖို့ရှိပြီးတော့ ရန်ကုန်မြို့မှာ ပထမဆုံး အော်သိုဒေါ့ ခရစ်ယာန် ရုရှားဘုရားရှိခိုးကျောင်းတည်ဆောက်ဖို့ အစီအစဉ်ရှိပါတယ်။ ရုရှားနိုင်ငံမှာလည်း မြန်မာနိုင်ငံယဉ်ကျေးမှုနဲ့ ဗုဒ္ဓဘာသာဗဟိုဌာနနှစ်ခုရှိပါတယ်။

မြန်မာနိုင်ငံသူ/နိုင်ငံသားများ ရုရှားဘာသာစကားကိုသင်ယူဖို့အတွက် မြန်မာနိုင်ငံမှ ခေါင်းဆောင်များက အကူအညီပေးတဲ့အတွက် များစွာကျေးဇူးတင်ပါတယ်။ ရုရှားဘာသာစကားကို မြန်မာနိုင်ငံမှာ နာမည်ကြီးတက္ကသိုလ်နှစ်ခုဖြစ်တဲ့ ရန်ကုန်နဲ့မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်နဲ့ စစ်တက္ကသိုလ်မှာလည်းရုရှားဘာသာစကားကိုသင်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ရုရှားဘာသာစကားကို ယခုထက်ပိုမိုသင်ကြားပေးဖို့ အစီအစဉ်ရှိပါတယ်။ အခုရုရှားတက္ကသိုလ်မှာ မြန်မာနိုင်ငံမှ သင်တန်းသား၊ သင်တန်းသူဦးရေ ၃၀၀၀ ခန့် တက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်၊ ရုရှားနိုင်ငံတက္ကသိုလ်အသီးသီးကနေ ပညာရပ်များသင်ယူတတ်မြောက်ခဲ့တဲ့ မြန်မာနိုင်ငံမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်းဆိုပါက ဦးရေတစ်သောင်းခန့် ရှိခဲ့ပြီဖြစ်ပါတယ်။ မေလ ၉ ရက်နေ့မှာ ၈၂ ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ကို မော်စကိုမှာ ကျင်းပမှာဖြစ်ပြီးတော့ အဆွေတော်ဝန်ကြီးချုပ်ကိုအခမ်းအနားကို ပါဝင်တက်ရောက်နိုင်ဖို့ ကျွန်တော်ဖိတ်ခေါ်ပါတယ်။ မြန်မာနိုင်ငံက ကိုယ်စားပြုတပ်ဖွဲ့ကိုလည်း ရင်ပြင်နီချီတက်ပွဲမှာ ပါဝင်ချီတက်စေလိုပါတယ်။ နိုင်ငံတကာကိစ္စရပ်များကို ဆွေးနွေးလိုပြီးတော့ နိုင်ငံတကာပြဿနာအများစုနဲ့ပတ်သက်ပြီး ရုရှား-မြန်မာ ရပ်တည်ချက်တွေကကိုက်ညီပါတယ်၊ တူညီပါတယ်။ နိုင်ငံတကာမျက်နှာစာမှာ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မှုတွေရှိပြီးတော့ အရှေ့ပစိဖိတ်ဒေသများငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ဖို့ ကျွန်တော်တို့ဆောင်ရွက်နေပါတယ်၊ ရုရှားနဲ့ မြန်မာနိုင်ငံတို့ လုံခြုံရေးနယ်ပယ်မှာ တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ အပြုသဘောဆောင်တဲ့ လုပ်ဆောင်ချက်များကိုအတူတူပူးပေါင်းဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ အဆွေတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ ခရီးစဉ်မှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများစွာကို ဆောင်ရွက်နိုင်ခဲ့ပြီးတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရဲ့ ရုရှားနိုင်ငံခရီးစဉ်အတွင်း ဆွေးနွေးပွဲများ၊ ဆွေးနွေးမှုများ အောင်မြင်မှုရရှိခဲ့ပါတယ်။ ရရှိထားတဲ့ရလဒ်တွေကြောင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်အသီးသီးမှာ ဆတက်ထမ်းပိုးဖွံ့ဖြိုးတိုးတက်လာမယ်လို့ ကျွန်တော်ခိုင်ခိုင်မာမာယုံကြည်ပါတယ်၊ မိမိရဲ့ဆွေးနွေးချက်များကို စိတ်ရှည်လက်ရှည် နားထောင်ပေးခဲ့တဲ့အတွက်လည်း ကျေးဇူးအများကြီးတင်ပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E.Vladimir Vladimirovich Putin တို့ မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားစဉ်။

လေးစားအပ်ပါတဲ့ အဆွေတော်ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ နိုင်ငံသမ္မတကြီး မစ္စတာဗလာဒီမာပူတင်နှင့် တက်ရောက်လာကြတဲ့ နှစ်ဖက်က ဧည့်သည်တော်များခင်ဗျာ။ ကျွန်တော်က သမ္မတကြီး မစ္စတာပူတင်ရဲ့ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံကိုချစ်ကြည်ရေးခရီးလာရောက်ခြင်းဖြစ်ပါတယ်။ ရုရှားနိုင်ငံဟာ မြန်မာနိုင်ငံရဲ့အရေးပါပြီးယုံကြည်ရတဲ့ မိတ်ဆွေနိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်အပြန်အလှန်ယုံကြည်မှု၊ နားလည်မှု၊ လေးစားမှုတွေနဲ့ အခြေခံတည်ဆောက်ထားတဲ့ နှစ်နိုင်ငံဆက်ဆံရေးကို ကျွန်တော်တို့အနေနဲ့ တန်ဖိုးထားပါကြောင်း အလေးအနက်ထား ပြောကြားလိုပါတယ်။ ၁၉၄၈ ခုနှစ်က စတင်တည်ထောင်ခဲ့တဲ့ သံတမန်ဆက်ဆံရေးဟာ နှစ်ပေါင်း ၇၇ နှစ်ကျော် ကြာခဲ့ပြီဖြစ်ပါတယ်။ ချစ်ကြည်ရင်းနှီးမှုဟာလည်း ပိုမိုနက်ရှိုင်းလာပြီးတော့မှ ပူးပေါင်းဆောင်ရွက်မှုတွေဟာလည်း ပိုမိုအောင်မြင်တိုးတက်လာတာကိုလည်း ဝမ်းမြောက်ဖွယ်ရာတွေ့ရှိရပါတယ်၊ ကျွန်တော်တို့ချစ်ကြည်ရေးခရီးစဉ်မှာ အဆွေတော်သမ္မတကြီး မစ္စတာပူတင်နဲ့ နှစ်နိုင်ငံရဲ့ နိုင်ငံတကာအခြေအနေအရပ်ရပ်ကိုကျယ်ပြန့်စွာဆွေးနွေးနိုင်ခဲ့ပါတယ်။ အလားတူ ရုရှားနိုင်ငံအစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mr. Mikhail Vladimirovich Mishustim နဲ့ လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးနဲ့လည်း တွေ့ဆုံပြီးတော့မှ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး စီးပွားရေးအရ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးနဲ့ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုမြှင့်တင်ရေးတို့အတွက် ဆွေးနွေးနိုင်ခဲ့ပါတယ်။ ယနေ့တွေ့ဆုံပွဲမှာလည်း ကျွန်တော်တို့နှစ်ဦးဟာ နှစ်ဖက်သဘောတူညီချက်များစွာကိုလည်း မြှင့်တင်ဆောင်ရွက်နိုင်ပါတယ်။ အထူးသဖြင့် သမ္မတကြီးအနေဖြင့်လည်း အသေးစိတ်အားဖြင့်ရှင်းပြပြီးဖြစ်ပါတယ်။ နှစ်ဖက်ယုံကြည်စိတ်ချစွာဆွေးနွေးမှုများကြောင့် သဘောတူညီချက် (၁၀)ခုကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ခရီးစဉ်အတွင်းမှာ စိန့်ပီတာစဘတ်မြို့နဲ့ နိုဗာစီဘစ်ရ်စ်ခ်မြို့တို့မှာ မြန်မာကောင်စစ်ဝန်ရုံးများကိုလည်း တရားဝင်ဖွင့်လှစ်သွားမှာဖြစ်တာကြောင့် နှစ်ဖက်အကြားဆွေးနွေးဖလှယ်မှုများနဲ့ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ပြီး တိုးချဲ့ဆောင်ရွက်သွားနိုင်မယ်လို့ ကျွန်တော်တို့အနေနဲ့ ယုံကြည်ပါတယ်။ ယခုခရီးစဉ်ကနေ တစ်ဆင့် ကျွန်တော်တို့နှစ်နိုင်ငံအကြားမှာ ချစ်ကြည်ရင်းနှီးမှုဟာ ပိုမိုနက်ရှိုင်းစေပြီးတော့မှ နှစ်ဖက်အကြားမှာ ကုန်သွယ်ရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ လျှပ်စစ်စွမ်းအား၊ စက်မှုနဲ့စွမ်းအင်ကဏ္ဍတို့အပါအဝင် အကျိုးတူကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတွေလည်း မကြာခင်ကာလအတွင်းမှာ ယခုထက်ပိုမိုတိုးတက်အောင်မြင်အောင်ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်၊ မြန်မာနိုင်ငံအနေနဲ့ ရုရှားနိုင်ငံနဲ့ရုရှားပြည်သူလူထုကနေပြီးတော့မှ ရုရှားနိုင်ငံရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနဲ့ ကမ္ဘာကြီးတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေတဲ့ကိစ္စရပ်မှန်သမျှကို မြန်မာနိုင်ငံက အပြည့်အဝရပ်တည်ပါကြောင်း ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံရေးရည်မှန်းချက်များ ပြည့်မီဖို့ ဆောင်ရွက်တဲ့အချိန်မှာ ရုရှားနိုင်ငံက ဒေသတွင်းရဲ့ နိုင်ငံတကာမျက်နှာစာတွေမှာမြန်မာနိုင်ငံအပေါ်မှာ စဉ်ဆက်မပြတ်ထောက်ခံပေးမှုတွေကိုလည်း ကျေးဇူးတင်ရှိပါကြောင်းအလေးအနက် ကျွန်တော်ပြောကြားလိုပါတယ်။ နောင်အနာဂတ်မှာလည်း ကျွန်တော်တို့နှစ်နိုင်ငံကြားမှာ အပြည်ပြည်ဆိုင်ရာမျက်နှာစာမှာ နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ထပ်လောင်းပြောကြားလိုပါတယ်။

အဆွေတော်သမ္မတကြီးခင်ဗျာ - မြန်မာနိုင်ငံနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုတွေကတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးတက်မြင့်မားစေဖို့အတွက်ကျွန်တော့်အနေနဲ့ အတူတကွကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ထပ်လောင်းဆန္ဒပြုပါတယ်။ ကျွန်တော်တို့ချစ်ကြည်ရေးခရီးစဉ်ကို အစစအရာရာပြည့်စုံအောင်ဆောင်ရွက်ပေးမှုများ၊ နွေးထွေးစွာကြိုဆိုမှုများအတွက်ကိုလည်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်းနဲ့ အဆွေတော်သမ္မတကြီးကို အခါအခွင့်သင့်တဲ့အချိန်မှာ မြန်မာနိုင်ငံကိုချစ်ကြည်ရေးခရီးလာရောက်နိုင်ဖို့အတွက်ကိုလည်း ဖိတ်ကြားအပ်ပါတယ်။

# နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး



ရန်ကုန် မတ် ၄

နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့်ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသက အစားထိုးရွေးချယ်ခံတော်မူရသည့် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကိုတင်သွင်းလျှောက်ထားပြီး အစည်းအဝေးသဘာပတိဆရာတော်က အတည်ပြုချက်ရယူကာ နံနက်ပိုင်းအစည်းအဝေးကို ရပ်နားလိုက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အစည်းအဝေးကို ဆက်လက်ကျင်းပပြီး သဘာပတိဥက္ကဋ္ဌဆရာတော်ကြီးက နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များနှင့် တွဲဖက်အကျိုးတော်ဆောင်ဆရာတော်များ၏ အမည်စာရင်းကို ဖတ်ကြားတင်သွင်း၍ အတည်ပြုချက်ရယူသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့နှင့် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ဝင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ၂၆ ပါးတို့အား နိုင်ငံတော်ဝိနည်းဓိုရ်လက်မှတ်များကိုလည်းကောင်း၊ အစိုးရဓမ္မာစရိယ၊ ပါဠိပထမပြန်၊ နိကာယ်၊ အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်ပညာရေးဗဟိုအဖွဲ့ဆရာတော် ၂၃ ပါးတို့အား အသိအမှတ်ပြုလွှာများကိုလည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဗုဒ္ဓတက္ကသိုလ်အဖြစ် အသိအမှတ်ပြုထားသော ဓမ္မဒူတဗုဒ္ဓတက္ကသိုလ်၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်နှင့် ပန်းတစ်ပွင့်တောင် ဗုဒ္ဓသာသနာပြုတက္ကသိုလ်များကို ဗုဒ္ဓတက္ကသိုလ်အဖြစ် အသိအမှတ်ပြုလွှာများကိုလည်းကောင်း ဆက်ကပ်ပေးအပ်တော်မူသည်။

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးနှင့် နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးတို့တွင် ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင်မှတ်တမ်းစာအုပ်၌ ဩဝါဒါစရိယဆရာတော်ကြီး ၁၅ ပါး၊ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်၊ ရွှေကျင်ဂိုဏ်း၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်း၊ စတုဘုမ္မိကမဟာသတိပဋ္ဌာန်ငှက်တွင်းဂိုဏ်း၊ ဓမ္မယုတ္တိနိကာယမဟာရင်ဂိုဏ်း၊ ဓမ္မဝိနယာနုလောမမူလဒွါရနိကာယဂိုဏ်း၊ ဓမ္မာနုဓမ္မမဟာဒွါရနိကာယဂိုဏ်း၊ ဝေဠုဝန်နိကာယဂိုဏ်း၊ အနောက်ချောင်းဒွါရဂိုဏ်း ဂိုဏ်းအသီးသီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့မှ ကိုယ်စားလှယ် တစ်ပါးစီတို့က လက်မှတ်ရေးထိုးခြင်းတို့ ဆောင်ရွက်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက နိဂုံးချုပ် ဥယျောဇနကထာကို မြွက်ကြားတော်မူရာ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများက နာယူတော်မူကြသည်။

ဆက်လက်၍ ကြွရောက်တော်မူလာကြသည့် ဆရာတော်အားလုံးက "ဇယန္တော ဗောဓိယာ မူလေ" အစချီ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး "သာဓု" ၃ ကြိမ်ခေါ်ဆိုကာ နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကြီးကို အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။

အစည်းအဝေးအပြီးတွင် ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း) ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုနှင့် ဓမ္မမိတ်ဆွေများက ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် ပဉ္စမတန်း(Grade-5)နှင့် အခြေခံပညာအလယ်တန်းဆင့် နဝမတန်း(Grade-9) နှစ်ဆုံးစာမေးပွဲ ဒုတိယနေ့ဖြေဆိုနေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကြည့်ရှုအားပေး



နေပြည်တော် မတ် ၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေသည်ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် အမှတ်(၂)၊ အမှတ် (၈)၊ အမှတ်(၁၁) နှင့် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၁)နှင့် အမှတ်(၁၄) အခြေခံပညာအလယ်တန်းကျောင်းတို့သို့ သွားရောက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် ပဉ္စမတန်း(Grade-5)နှင့် အခြေခံပညာအလယ်တန်းဆင့် နဝမတန်း (Grade-9) နှစ်ဆုံးစာမေးပွဲ ဒုတိယနေ့တွင် ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာဘာသာ ဖြေဆိုနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာစာဖြေဌာနကြီးကြပ်ရေးမှူးများနှင့်တာဝန်ရှိသူများကို တွေ့ဆုံ၍ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာဖြေဆိုနိုင်ရေးနှင့် စာမေးပွဲကို စာမေးပွဲလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျကျင်းပနိုင်ရေး မှာကြားပြီး ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(အောင်သပြေ)၊ အခြေခံပညာအလယ်တန်းကျောင်း(ကုန်းပေါ်)၊ အခြေခံပညာအလယ်တန်းကျောင်း (စခွဲ့ဟယ်-၂)၊ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း (ရွှေညောင်)၊ တာယောအခြေခံပညာမူလတန်းကျောင်း (ရွှေညောင်)၊ ကလောမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း (အောင်ပန်း)နှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း(အောင်ပန်း)နှင့် အခြေခံပညာအလယ်တန်းကျောင်း(ဝါးရုံပင်) သို့သွားရောက်၍ ကျောင်းအတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ကျောင်းဥပစာရပ်ကောင်းမွန်ရေးဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဆရာ၊ ဆရာမများ၏တင်ပြချက်အပေါ် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## ၄-၃-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၄၅၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၉˚c | / | ၃၇˚c |
| ရန်ကုန် | ၂၂˚c | / | ၃၉˚c |
| မန္တလေး | ၂၀˚c | / | ၃၈˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## ကယားပြည်နယ် လွိုင်ကော်မြို့၌ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်




လွိုင်ကော် မတ် ၄

ကယားပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လွိုင်ကော်မြို့ရှိ ရပ်ကွက်များမှ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုအတွက် ဝင်ငွေတိုးတက်စေရန် ရည်ရွယ်၍ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာ (Bakery & Snack) သင်တန်းကို ယမန်နေ့က ကယားပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရှိ လေ့ကျင့်ပျိုးထောင်ရေးစင်တာ သင်တန်းခန်းမ၌ဖွင့်လှစ်သည်။

ရှေးဦးစွာ ကယားပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးလင်းထွဋ်မိုးက အဖွင့်အမှာစကားပြောကြားရာတွင် “ကယားပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေနဲ့ လုပ်ငန်းရှင်ဖြစ်လိုတဲ့ ဒေသခံပြည်သူတွေအတွက် နည်းပညာသင်တန်းတွေဖွင့်လှစ်ပေးပြီး လိုအပ်တဲ့စက်ပစ္စည်းတွေ၊ လုပ်ငန်းသုံးပစ္စည်းတွေ ပံ့ပိုးပေးတာ၊ ဈေးကွက်ရရှိအောင် ချိတ်ဆက်ပေးတာတွေနဲ့ လုပ်ငန်းရှင်တွေအဖြစ် ရပ်တည်နိုင်အောင် ဆောင်ရွက်ပေးမှာဖြစ်တယ်။ သင်တန်းပြီးဆုံးသွားရင် အမှန်တကယ်လုပ်ငန်းထူထောင်လိုပြီး စီမံကိန်းလုပ်ငန်းလက်စွဲစာအုပ် အခန်း(၉) ပုဒ်မ (၄၆)ပါ စံသတ်မှတ်ချက်နဲ့ကိုက်ညီပြီး မတည်ရင်းနှီးငွေ ငွေကျပ်နှစ်သိန်းထည့်ဝင်နိုင်တဲ့ ထူးချွန်သင်တန်းသားငါးဦးကို စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဝင်တွေနဲ့ သင်တန်းနည်းပြတို့က ရွေးချယ်ပေးမှာပါ။ ရွေးချယ်ခံရသူတွေကို ဌာနကနေ ငွေကျပ် ခုနစ်သန်းနဲ့ညီမျှတဲ့ စက်ပစ္စည်းတွေ ငှားရမ်းအသုံးပြုခွင့်နဲ့ လုပ်ငန်းရှင်ဖြစ်သည်အထိ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်”ဟု ပြောသည်။

ထို့နောက် တက်ရောက်လာသောဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ အမှတ်တရစုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။ အဆိုပါသင်တန်းကို ပထမအကြိမ်အခြေခံသင်တန်း ခုနစ်ရက်၊ ဒုတိယအကြိမ် မွမ်းမံသင်တန်း ခုနစ်ရက်ဖြင့် ၁၄ ရက်ကြာ သင်တန်းနည်းပြနှစ်ဦးက စာတွေ့လက်တွေ့သင်ကြားပေးလျက်ရှိပြီး သင်တန်းသား၊ သင်တန်းသူ ၂၃ ဦး တက်ရောက်ကြကြောင်း သိရသည်။

(၄၀၅)




## နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အခြေခံကာတွန်းရေးဆွဲနည်းသင်တန်းဖွင့်လှစ်



ရန်ကုန် မတ် ၄

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတ တိုးပွားစေရန်၊ အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်စေရန် ရည်ရွယ်၍ အခြေခံကာတွန်းရေးဆွဲနည်းသင်တန်းကို ယမန်နေ့က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည်။

ယင်းသင်တန်းတွင် သင်တန်းဆရာ မောင်ယဉ်ဝေ(ဥက္ကလာ)နှင့် ဆရာမ ဒေါ်လွင်လွင်မျိုးတို့က ကာတွန်းပုံရေးဆွဲသည့် မျဉ်းကွေး၊ မျဉ်းဖြောင့်၊ မတ်မျဉ်း၊ စက်ဝိုင်းပုံ၊ တြိဂံပုံ စသည့်အခြေခံတည်ဆောက်ရေးဆွဲမည့်အကြောင်းအရာများနှင့်ပတ်သက်၍ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးကြသည်။

အဆိုပါအခြေခံကာတွန်းရေးဆွဲနည်းသင်တန်းတွင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၄၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ်လ ၃ ရက်မှ ၇ ရက်အထိဖြစ်ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

## ပန်းတနော်မြို့၌ မြန်မာ့ရိုးရာသနပ်ခါးနေ့ လှုပ်ရှားဆောင်ရွက်မှုအခမ်းအနားကျင်းပ



ပန်းတနော် မတ် ၄

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အတွက် အထောက်အကူဖြစ်စေရေးနှင့် မြန်မာ့ရိုးရာသနပ်ခါးကို တန်ဖိုးထားမြတ်နိုးတတ်စေရေးအတွက် မြန်မာ့သနပ်ခါးအခမ်းအနားကို မတ်လ ၄ ရက်နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ မြန်မာ့ရိုးရာသနပ်ခါးနေ့လှုပ်ရှားဆောင်ရွက်မှုအခမ်းအနားတွင် ပန်းတနော်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းက မြန်မာ့ရိုးရာသနပ်ခါးနေ့လှုပ်ရှားဆောင်ရွက်မှုအခမ်းအနားကျင်းပရသည့်ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တိုးတိုးက မြန်မာ့ရိုးရာသနပ်ခါးအကြောင်း ရှင်းလင်းဆွေးနွေးသည်။

မြန်မာ့ရိုးရာသနပ်ခါးနေ့လှုပ်ရှားဆောင်ရွက်မှုအခမ်းအနားသို့ ပန်းတနော်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများတက်ရောက်ကြပြီး သနပ်ခါးလူးခြင်းကို ပျော်ရွှင်စွာဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျောက်ဆည်မြို့နယ်၌ ဆီထွက်သီးနှံ ၅၃၁၈၁ ဧက စိုက်ပျိုး



ကျောက်ဆည် မတ် ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဒေသတွင်းစားသုံးဆီဖူလုံပိုလျှံရေး နှမ်း၊ မိုး၊ ဆောင်းရာသီများတွင် မြေပဲ၊ နှမ်း၊ နေကြာသီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဆီထွက်သီးနှံပေါင်း ၅၃၁၈၁ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဆီထွက်သီးနှံများစိုက်ပျိုးရာတွင် မိုးမြေပဲဧက ၂၈၀၊ ဆောင်းမြေပဲ ၂၉၇ ဧက၊ မိုးနှမ်း ၄၀၅၇ ဧက၊ ဆောင်းနှမ်း ၅၁၃၅ ဧက၊ နွေနှမ်းဧက ၃၀၀၀၀၊ မိုးနေကြာ ၁၃၄၆ ဧကနှင့် ဆောင်းနေကြာ ၁၀၂၆၆ ဧက လျာထားစိုက်ပျိုးခဲ့ကြောင်းနှင့် အထွက်နှုန်း မိုးမြေပဲ ၁၁၇၃၆ တင်း၊ ဆောင်းမြေပဲ တင်း ၉၆၄၀၊ မိုးနှမ်း ၅၁၁၈၃ တင်း၊ ဆောင်းနှမ်း ၆၉၃၆၃ တင်း၊ နွေနှမ်းမှာ ရိတ်သိမ်းနိုင်ခြင်းမရှိသေးကြောင်းနှင့်မိုးနေကြာ တင်း ၆၄၉၀၀၊ ဆောင်းနေကြာ ၁၆၇၂၄၇ တင်းထွက်ရှိသည်။

ဆီထွက်သီးနှံများစိုက်ပျိုးရာတွင် ဒေသတွင်းစားသုံးဆီဖူလုံရေးနှင့် တောင်သူများလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး မြို့နယ်စိုက်ပျိုးမှုညီနှိုင်းရေးအဖွဲ့မှ တောင်သူများနှင့်တွေ့ဆုံပြီး စိုက်ပျိုးဧကများလျာထားချက်ပြည့်မီကျော်လွန်ရေးညှိနှိုင်းစိုက်ပျိုးလျက်ရှိကြောင်း၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှဒေသနှင့်ကိုက်ညီသည့်မျိုးစေ့များ၊ စိုက်နည်းစနစ်များ၊ ရိတ်သိမ်းခြွေလှေ့နည်းများ စနစ်တကျပညာပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများနှင့် ဆက်စပ်သူများအားလုံးအနေဖြင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်မြော်တွေးလျက် နိုင်ငံအတွင်း စားသုံးဆီဖူလုံရေးနှင့် ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက အထွက်နှုန်းများပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့်ပိုလျှံဆီထွက်သီးနှံ နှမ်း၊ နေကြာနှင့်မြေပဲတို့ကို စားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီလုံလောက်မှုရှိမည်ဖြစ်ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

### မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၃-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | နိုင်ငံတော်သီချင်း |
| ၂။ | ၀၈:၀၀ | မျိုးချစ်တပ်မတော် |
| ၃။ | ၀၉:၀၀ | ကျန်းမာသုတ |
| ၄။ | ၁၀:၀၀ | နိုင်ငံတကာသတင်း |
| ၅။ | ၁၁:၀၀ | သီချင်းလက်ဆောင် |
| ၆။ | ၁၂:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၇။ | ၁၃:၀၀ | တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၈။ | ၁၅:၀၀ | ဆောင်းပါးပေါ်မှစာစုများ |
| ၉။ | ၁၇:၀၀ | မွေးမြူသုတ |
| ၁၀။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၁။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်းကြယ်နှင့်အတူအပိုင်း(၉) သရုပ်ဆောင်-ခန့်စည်သူ၊ စိုးမြတ်နန္ဒာ ဒါရိုက်တာ-တင်အောင်စိုး (ပန်းမြို့တော်)** |

## ကန့်ဘလူမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အခမဲ့ဆောင်ရွက်ပေး

ကန့်ဘလူ မတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မတ်လ ၄ ရက်နံနက်ပိုင်းတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ကျန်းမာရေးဝန်ထမ်းများက ကိုယ်ဝန်ဆောင်မိခင်များကို ကိုယ်အလေးချိန်ချိန်ခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ သန္ဓေသားအနေအထား မှန်ကန်စေရေးပြုပြင်ပေးခြင်း၊ သွေးဖောက်စစ်ဆေးခြင်း၊ မတည့်သည့်ဆေးရှိ၊ မရှိနှင့် အခြားရောဂါရှိမရှိတို့ကို မေးမြန်းစစ်ဆေးပြီး ထုံနာကျဉ်နာပျောက်ဆေး၊ ဖောလစ်အက်စစ်၊ သံဓာတ်အားဆေးတို့ကို အခမဲ့ပေးအပ်သည်။ ထို့နောက် ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

### ရွှေလမ်းငွေလမ်းပြိုင်တူလှမ်း

❖ ရုရှားနှင့် မြန်မာ
မြန်မာနှင့် ရုရှား။
အချစ်မပျက်ပါဘု
ခေတ်အဆက်ဆက် မနေးကူလို့
အတွေးတူ အယူမကွဲပါဘဲ
အရေးတယူ အတူတွဲတယ်
ခိုင်မြဲတဲ့အား။

❖ ရုရှားနှင့် မြန်မာ
မြန်မာနှင့် ရုရှား။
သူ့နိုင်ငံ သူ့အရေးကလည်း
ကိုယ့်နိုင်ငံ ကိုယ့်အရေးလိုပဲ့
ကိုယ့်နိုင်ငံ ကိုယ့်အရေးကိုလည်း
သူ့နိုင်ငံ သူ့အရေးရယ်သို့
ရှေးရှုစိတ်ထား။

❖ ရုရှားနှင့် မြန်မာ
မြန်မာနှင့် ရုရှား။
နှစ်နိုင်ငံ
ခိုင်သန်သန် သစ္စာထားပါလို့
မေတ္တာတရား အခြေတည်ရင်း
ရှေ့သို့ချီ ပြိုင်တူလှမ်းတယ်
စွမ်းရည်တောက်ကြွား။

❖ ရုရှားနှင့် မြန်မာ
မြန်မာနှင့် ရုရှား။
ရွှေလမ်းကိုတည်
ငွေလမ်းရယ် အစီအရီနဲ့
ခြေလှမ်းညီ အားသစ်နိုးတယ်
ဖွံ့ဖြိုးစည်ကား။

❖ ရုရှားနှင့် မြန်မာ
မြန်မာနှင့် ရုရှား။
အောင်မြဲအောင်ပြီ
အောင်ပွဲ အောင်လံချီလို့
အောင်သံစည် အောင်နိမိတ်ရယ်နဲ့
အောင်စိတ်တည်ပွား။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

### သဇင်(FM)အသံလွှင့်အစီအစဉ်

၅-၃-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Market News |
| ၂။ | ၁၁:၅၀ | နှယ်မြက်သစ်ပင်ဆေးဖက်ဝင် |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၄:၅၀ | ဖတ်သမျှမှတ်သမျှ |
| ၅။ | ၁၅:၃၅ | Happy Zone |
| ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |

# ရွှေတိဂုံစေတီတော်(၂၆၁၃)နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဖွင့်ပွဲနှင့် နှစ်ကျိုပ်ရှစ်ဆူဘုရားလှည့်လည်ပူဇော်ပွဲအခမ်းအနားကျင်းပ



ရန်ကုန်  မတ်  ၄

ရွှေတိဂုံစေတီတော်(၂၆၁၃) နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ဖွင့်ပွဲနှင့်နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်လည်ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီရင်ပြင်တော်ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက နှစ်ကျိပ်ရှစ်ဆူဘုရားများကို ပင့်ဆောင်လျက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား တစ်ပတ်လှည့်လည်ပူဇော်ကြပြီး ချမ်းသာကြီးတန်ဆောင်းအတွင်း ပင့်ဆောင်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်(၂၆၁၃) နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ဩဝါဒါစရိယ ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိထံမှ ဩွဲပရိသတ်များက နဝင်္ဂသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးကျော်ဇေယျက (၂၆၁၃) နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ဗုဒ္ဓပူဇနိယ မင်္ဂလာအဖွင့်စကားဖတ်ကြားလျှောက်ထား၍ မြတ်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်ရောင် မြတ်တန်ဆောင်ကို လေးမြတ်ကော်ရော် ပူဇော်သောအားဖြင့် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်နှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက ဆီမီးတန်ဆောင်ထွန်းညှိပူဇော်ကာ ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကို ဖွင့်လှစ်ပေးကြပြီး ဆရာတော်ကြီးအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ရွှေတိဂုံစေတီတော်(၂၆၁၃) နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် မဟာပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ပွဲကို မတ်လ ၁၃ ရက်အထိ ၁၀ ရက်တိုင်တိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၅၉၂)ကြိမ်မြောက် ထုတိအနုမောဒနာ ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲကျင်းပ



ရန်ကုန်  မတ်  ၄

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းထားကြသော ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များအား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က (၅၉၂)ကြိမ်မြောက် ထုတိအနုမောဒနာ ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင်တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

ဦးစွာ အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းရာ အလှည့်ကျသဘာပတိ ဦးကျော်ဇေယျနှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြပြီး ထုတိအနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိထံမှတက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာတရားနာယူကြသည်။


ယနေ့ကျင်းပသော အလှူငွေပေးအပ်လှူဒါန်းပွဲတွင်၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၃၁ ရက်အထိ ရွှေသင်္ကန်းတော် ရွှေပြားအလှူရှင် ၁၀၉ ဦးက ၆ ကျပ်သားရွှေပြား ၂၁ ချပ်နှင့် တစ်ကျပ်သား ရွှေပြား ၃၅၃ ချပ် စုစုပေါင်းရွှေစင်ရွှေပြား ၃၇၄ ချပ်လှူဒါန်းခဲ့ပြီး ငွေသားအလှူရှင် ၁၃၇ ဦးအပါအဝင် လှူဒါန်းငွေစုစုပေါင်းငွေကျပ်၃၈၀၁၇၉၀၄၈၁ ကျပ်ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

# ကမ္ဘာ့အင်ဂျင်နီယာများနေ့ အခမ်းအနား-၂၀၂၅ သို့ ဒုတိယဝန်ကြီး ဦးဝင်းဖေ တက်ရောက်

နေပြည်တော်  မတ်  ၄

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ကြီးမှူး၍ ကမ္ဘာ့အင်ဂျင်နီယာများနေ့ အခမ်းအနား –၂၀၂၅ (World Engineering Day – 2025)ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံးခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေး၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာအခမ်းအနားကို ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေး၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက ဒေါက်တာဝင်းမြင့်နှင့် ဦးအေးမြင့်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အရွေးချယ်ခံ ကမ္ဘာ့အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၏ ဂုဏ်ပြုအမှာစကားအား Video Message ဖြင့် ပြသသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံဗိသုကာကောင်စီဥက္ကဋ္ဌ ဦးဝင်းဇော်တို့က ဂုဏ်ထူးဆောင်အင်ဂျင်နီယာဆုများ၊ အကောင်းဆုံးကုမ္ပဏီဆုများ၊ အကောင်းဆုံးစာတမ်းဆုများ၊ အကောင်းဆုံးဂျာနယ်ဆုများ၊ အကောင်းဆုံးအစီအစဉ်တင်ဆက်သူဆုများနှင့် WFEO Hackathon အတွက် အသိအမှတ်ပြုလက်မှတ်များကိုချီးမြှင့်ပေးကြပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနာယက ဦးအေးမြင့်က ကျေးဇူးတင်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# ပညာရေးဝန်ကြီးဌာန (၂၄) ကြိမ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံကို ရန်ကုန်တက္ကသိုလ်တွင် ကျင်းပမည်




ရန်ကုန်  မတ်  ၄

ပညာရေးဝန်ကြီးဌာန (၂၄) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံကို ရန်ကုန်တက္ကသိုလ်၌ကျင်းပ၍ သုတေသနစာတမ်းများကို ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ်တို့တွင် မတ်လ ၉ ရက်မှ ၁၁ ရက်အထိ ဖတ်ကြားသွားမည်ဖြစ်သည်။

(၂၄) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံတွင် ဝိဇ္ဇာပညာရပ်ဆိုင်ရာ စာတမ်း ၁၁၉ စောင်နှင့် သိပ္ပံပညာရပ်ဆိုင်ရာ စာတမ်း ၁၅၅ စောင်တို့ကို ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာနှင့်သိပ္ပံခန်းမများတွင် ဖတ်ကြားဆွေးနွေးကြမည်ဖြစ်ပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ်ခန်းမတွင် စာတမ်း ၂၈ စောင်၊ ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ပညာရေးစိတ်ပညာဆိုင်ရာ စာတမ်း ၇၀ စုစုပေါင်းစာတမ်း ၃၇၂ စောင်တို့ကို ဖတ်ကြားဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၄-၃-၂၀၂၅ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့များ | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ချောက် | ၃၉.၉ | ၁၀၃.၈ |
| ကော့ကရိတ် | ၃၉.၀ | ၁၀၂.၂ |
| မကွေး | ၃၈.၈ | ၁၀၁.၈ |
| ညောင်လေးပင် | ၃၈.၇ | ၁၀၁.၇ |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် မတ် ၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့သို့ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် ဒူးမားလွှတ်တော် အဆောက်အဦ အစည်းအဝေးခန်းမ၌တွေ့ဆုံ ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလွင်၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်တာဝန်ရှိသူများတက်ရောက် ကြပြီး ဒူးမားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ တာဝန် ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စား လှယ်များသည် ဒူးမားလွှတ်တော်အဆောက်အဦ သို့ရောက်ရှိကြရာ ဒူးမားလွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက် သည်။

ယင်းနောက် တွေ့ဆုံပွဲကိုကျင်းပပြုလုပ်ရာ ဒူးမားလွှတ်တော်၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်နေမှုအခြေအနေများ၊ လွှတ်တော်၏ ဖွဲ့စည်းထားရှိမှုနှင့် ပါတီများဖွဲ့စည်းထားရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှား ဖက်ဒရေးရှင်းနိုင်ငံတို့အကြား လွှတ်တော်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်သွားမည့်အခြေ အနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီမှတာဝန်ယူဆောင်ရွက်ခဲ့ရမှုနှင့် လွှတ်လပ် ၍တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေ များ၊ မြန်မာနိုင်ငံ၏ရွေးကောက်ပွဲကျင်းပချိန်၌ ရုရှားနိုင်ငံအနေဖြင့် ထောက်ခံအားပေးသွားမည့် အခြေအနေများ၊ ပြည်ပမှအကူအညီများရယူသည့် ပါတီများကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေမှုအခြေအနေများ၊ မြန်မာနိုင်ငံ လွှတ်တော်များ အဆင့်ဆင့်ဖွဲ့စည်းထားရှိမှုနှင့် ရွေးကောက်ပွဲကျင်းပမှုပုံစံများ၊ နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားမည့်အခြေအနေများနှင့် နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးများ အပြန်အလှန် သွားရောက်ရေးဆိုင်ရာကိစ္စရပ်များ နှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြ ကြောင်းသတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုစဉ်။

**နေပြည်တော် မတ် ၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့သို့ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်သို့ ရောက်ရှိကြရာ မော်စကိုတပ်နယ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ရှေ့ဆောင်စစ်သည်နှစ်ဦးမှ ဦးဆောင်၍ လွမ်းသူ့ပန်းခွေအား သယ်ဆောင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုသည်။ လွမ်းသူ့ပန်းခွေချအလေးပြုစဉ်အချိန်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းအား တီးမှုတ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ထိုသို့နှုတ်ဆက်စဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံဂုဏ်ပြုတပ်ဖွဲ့က မြန်မာ့တပ်မတော် စစ်သီချင်းများဖြင့် ဂုဏ်ပြုတီးမှုတ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂုဏ်ပြုတပ်ဖွဲ့၏ချီတက်အလေးပြုခြင်းကိုခံယူစဉ်။

# ဒေသတစ်ခုထုတ်ကုန်တစ်မျိုး (OROP)အဖြစ် စိုက်ပျိုးထုတ်လုပ်နေသည့် ရွှေဘိုပေါ်ဆန်းစပါး

ဆန်စပါးသည် နှံစားသီးနှံများအနက် စိုက်ပျိုးထုတ်လုပ်သုံးစွဲမှု အများဆုံးသီးနှံဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံခန့်သည် ဆန်စပါးကို အဓိကအစားအစာအဖြစ် စားသုံးလျက်ရှိကြရာ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် အဓိကကျသောသီးနှံတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ဆန်စပါးသည် အဓိကစားသုံးသောသီးနှံဖြစ်ပြီး မြန်မာ့စီးပွားရေး၏အသက်သွေးကြောလည်းဖြစ်ကာ နှစ်စဉ် ဧက ၁၇ သန်းကျော် စိုက်ပျိုးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးဦးတည်ချက်များကို ချမှတ်ရာတွင် **“တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့်တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး”**ကို ပထမဦးဆုံးဦးတည်ချက်အဖြစ်သတ်မှတ်ထားသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူရသည့်အချိန်အတွင်း ပြည်ပသွင်းကုန်အစားထိုးရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၊ ပြည်တွင်းမှပိုလျှံသည်တို့ကို ပြည်ပသို့တင်ပို့နိုင်ရေးအတွက် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရှိဒေသအသီးသီးတွင် ဒေသထွက်ကုန်များကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ပြီး ဒေသ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်ဆောင်ရွက်နိုင်သည့် အလားအလာကောင်းများ များစွာရှိသည်ဖြစ်ရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အောင်မြင်စွာစိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ရွှေဘိုပေါ်ဆန်းစပါးသည်လည်း ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် ခိုင်မာစွာရပ်တည်နိုင်သည့် ဒေသတစ်ခုထုတ်ကုန်တစ်မျိုး One Region One Product (OROP) ထုတ်ကုန်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွှေဘိုပေါ်ဆန်းစပါး စတင်စိုက်ပျိုးမှုအနေဖြင့် ရွှေဘိုမြို့နယ် သီးလုံးကျေးရွာမှ တောင်သူတစ်ဦးသည် ၁၉၉၇-၁၉၉၈ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဗိုလုံကျေးရွာမှ ပေါ်ဆန်းဘေးကြားစပါးမျိုးလေးပြည်ယူဆောင်ခဲ့ပြီး စမ်းသပ်စိုက်ပျိုးခဲ့ရာမှ စတင်ခဲ့သည်။

၂၀၀၄-၂၀၀၅ ခုနှစ်တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ မျိုးသန့်မျိုးပွားမျိုးစေ့ (Register Seed ) အဆင့်ရှိ ပေါ်ဆန်းဘေးကြား တင်း ၆၀ သယ်ယူ၍ ရွှေဘိုမြို့နယ်အတွင်းရှိ မျိုးစေ့ထုတ်အကျိုးဆောင်တောင်သူများနှင့်မျိုးပွားခြင်းများကို ဆောင်ရွက်ခဲ့ရာ ရွှေဘိုဒေသ ရေမြေရာသီဥတုနှင့်ကိုက်ညီပြီး စိုက်ပျိုးဖြစ်ထွန်းမှုကောင်းမွန်ခြင်း၊ အထွက်နှုန်းကောင်းမွန်ခြင်း၊ ဆန်ထွက်ကောင်းခြင်းနှင့် စားသုံးမှုအရသာကောင်းမွန်ခြင်းတို့ကြောင့် လူကြိုက်များလာခဲ့ရာ တောင်သူအချင်းချင်းမျိုးဖလှယ်၍ စိုက်ပျိုးမှုများပြားလာခဲ့ပြီး ၂၀၀၆ – ၂၀၀၇ ခုနှစ်ခန့်မှစတင်၍ မန္တလေးဈေးကွက်တွင် ရွှေဘိုပေါ်ဆန်းဟု နေရာရလာကာ လူကြိုက်များလာခဲ့သည်။

ရွှေဘိုပေါ်ဆန်းစပါးနှင့်ဆန်၏ ထူးခြားကောင်းမွန်သည့် လက္ခဏာများသည် ဒေသရေမြေ ရာသီဥတုနှင့်ကိုက်ညီသည့်အတွက် စပါးအထွက်ကောင်းခြင်း၊ အလေးချိန်စီးပြီး အနှစ်ပြည့်ဝခြင်း၊ စပါးပေါ်ချိန်မှစ၍ သိုလှောင်ချိန်ကာလများအထိ ဈေးကွက်ခိုင်မာပြီး ဈေးကောင်းရခြင်း၊ ဆန်ထွက်ကောင်းပြီး ဆန်အရှည်အသွေးနှင့်ဆန်သားကောင်းမွန်ခြင်း၊ စပါးရိတ်ချိန်တွင် အစေ့ကြွေကျမှုနည်း၍ လေလွင့်မှုသက်သာခြင်း၊ အိုးတက်ခြင်း၊ အနံ့မွှေးပြီးနူးညံ့သဖြင့် စားကောင်းသည့်ဆန်ဖြစ်ခြင်းတို့ကြောင့် ၂၀၁၁ ခုနှစ် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သော အပြည်ပြည်ဆိုင်ရာ ဆန်စပါးညီလာခံတွင် “ကမ္ဘာ့အကောင်းဆုံးဆန် (World Best Rice) ” အဖြစ် ရွေးချယ်ခံခဲ့သည်။


စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၂၃ – ၂၀၂၄ ခုနှစ် စပါးစိုက်ဧရိယာ ၁၈ သိန်းအနက် ရွှေဘိုပေါ်ဆန်း ၃၅၆၈၄၂ ဧက စိုက်ပျိုးခဲ့သဖြင့် တိုင်းဒေသကြီး၏ ၂၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးလျက်ရှိသည်။ တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် ရွှေဘိုပေါ်ဆန်းစိုက်ပျိုးမှုအနေဖြင့် ရွှေဘိုခရိုင်၌ ၂၁၈၃၄၄ ဧက၊ ရေဦးခရိုင်၌ ၁၁၁၈၉၀ ဧက၊ ကန့်ဘလူခရိုင်၌ ၂၂၇၄၅ ဧကစိုက်ပျိုးပြီး ကလေးခရိုင်၊ ကသာခရိုင်၊ မုံရွာခရိုင်နှင့် စစ်ကိုင်းခရိုင်တို့တွင် အနည်းငယ်စီစိုက်ပျိုးကြသည်။ တစ်ဧက ပျမ်းမျှအထွက်နှုန်းအနေဖြင့် ၈၁ တင်းနှုန်းထွက်ရှိခဲ့ပြီး စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းခန့်ကုန်ကျကြောင်းသိရသည်။

ရွှေဘိုပေါ်ဆန်းဈေးကွက်ရရှိမှုအနေဖြင့် ၂၀၁၀ ပြည့်နှစ်မှစတင်၍ ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချခဲ့ရပြီး ယခုလက်ရှိတွင် ရွှေဘိုပေါ်ဆန်းဆန်ဈေးကွက်သည် တဖြည်းဖြည်းကျယ်ပြန့်လာပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော်စသည့် မြို့ကြီးများအပြင် တောင်ပေါ်ဒေသများဖြစ်သည့် ရှမ်း၊ ကယား၊ ကရင် စသည့်ဒေသများတွင်လည်း ဈေးကွက်ရရှိပြီး ဝယ်လိုအားကောင်းသည့် ထွက်ကုန်တစ်ခုဖြစ်သည်။

ထိုသို့ ဈေးကွက်ကောင်းမွန်၍ ပြည်တွင်း၊ ပြည်ပဝယ်လိုအားရှိသည့် ရွှေဘိုပေါ်ဆန်းစပါးအား ဈေးကွက်ဝင်အရည်အသွေးမြင့်ဆန်များ ထုတ်လုပ်ရောင်းချနိုင်ရေးနှင့် ဈေးကွက်ခိုင်မာစေရေးအတွက် ရွှေဘိုပေါ်ဆန်းစပါးဝယ်ယူကြိတ်ခွဲတင်ပို့ရောင်းချလျက်ရှိသည့် ဆန်စက်လုပ်ငန်းရှင်များသည်လည်း အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ဆန်စက်များမှ အဆင့်မြင့်နည်းပညာများဖြင့် ကြိတ်ခွဲပြီး ဆန်အရောင်ရွေးစက်များဖြင့် သန့်စင်၍ ပထမတန်းစားဆန်အဖြစ် ဈေးကွက်သို့တင်ပို့ရောင်းချပါက ပြည်တွင်း၊ ပြည်ပဈေးကွက် ခိုင်မာစွာရရှိနိုင်မည့် ဒေသထွက်ကုန်တစ်မျိုးဖြစ်သည်။





စစ်ကိုင်းတိုင်းဒေသကြီးမှထွက်ရှိသည့် ရွှေဘိုပေါ်ဆန်းအား မြန်မာနိုင်ငံ၏ ပထမဆုံး ပထဝီဒေသဆိုင်ရာ အညွှန်းကိန်း Geographical Indication (GI) ရရှိရေးအတွက် ဌာနဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ရွှေဘိုပေါ်ဆန်း GI ရရှိပါက အဆိုပါ ရွှေဘိုပေါ်ဆန်းစိုက်ပျိုးထုတ်လုပ်ပြီး တင်ပို့ရောင်းချမှု ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာပြီး စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်ကြီးများအားလုံးအတွက် အကျိုးကျေးဇူးများစွာ ရရှိလာသဖြင့် ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်သည့်ကွင်းဆက်တစ်ခုလုံးအတွက် အကျိုးအမြတ်ရရှိစေပြီး ဒေသ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည့်အပြင် ဈေးကွက်အနေဖြင့်လည်း လက်ရှိတင်ပို့နေသည့် အရှေ့တောင်အာရှနိုင်ငံများသာမက ဥရောပဈေးကွက်နှင့် အနောက်နိုင်ငံ ဈေးကွက်များသို့ပါတင်ပို့နိုင်မည့် အလားအလာများရရှိနိုင်သဖြင့် မြန်မာ့ဆန်ဈေးကွက်တွင် ရွှေဘိုပေါ်ဆန်း၏ အခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွှေဘိုပေါ်ဆန်းအား ဒေသတစ်ခုထုတ်ကုန်တစ်မျိုး ထုတ်လုပ်နိုင်ရေးအတွက် ရွှေဘိုပေါ်ဆန်း ဝယ်ယူကြိတ်ခွဲတင်ပို့ရောင်းချလျက်ရှိသော ဆန်စက်လုပ်ငန်းရှင်များနှင့် စိုက်ပျိုးသူတောင်သူများ အချိတ်အဆက်မိစွာ ရွှေဘိုပေါ်ဆန်းစပါး အရည်အသွေးကိုစနစ်တကျထိန်းသိမ်းဆောင်ရွက်ခြင်း၊ ဈေးကွက်ခိုင်မာစေရေးအတွက် ဆန်စက်လုပ်ငန်းရှင်များ ၊ ဆန်ကုန်သည်များအချင်းချင်းညှိနှိုင်းချိတ်ဆက်၍ ဖြန့်ဖြူးရောင်းချခြင်း၊ ကြိတ်ခွဲတင်ပို့ရောင်းချရာတွင်လည်း အရည်အသွေးကောင်းသည့် ဆန်များရရှိစေရေး၊ တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်စပါးမျိုးများ အသုံးပြုစိုက်ပျိုးစေရေး သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကာ အမျိုးသားပို့ကုန်မဟာဗျူဟာရည်မှန်းချက်အရ မြန်မာ့ဆန်စပါးတိုးတက်ထုတ်လုပ်ပြီး ပို့ကုန်တိုးမြှင့်ရန်နှင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**ဒေါက်တာတင်မာမာဦး**

# တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေထီးတော်အသစ်တင်လှူပူဇော်ခြင်းနှင့် အလှူတော်ငွေပေးအပ်လှူဒါန်းခြင်း ကျင်းပပြုလုပ်



ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေထီးတော်အသစ်တင်လှူပူဇော်ခြင်းနှင့် အလှူတော်ငွေပေးအပ်လှူဒါန်းခြင်းအခမ်းအနားကျင်းပစဉ်။

နေပြည်တော် မတ် ၄

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေထီးတော်အသစ်တင်လှူပူဇော်ခြင်းနှင့် အလှူတော်ငွေပေးအပ်လှူဒါန်းခြင်းများကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်သြဝါဒါစရိယ တောင်ကြီးမြို့၊ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အဂ္ဂမဟာဘိဝံသ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်သြဝါဒါစရိယ တောင်ကြီးမြို့၊ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့်သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တောင်ကြီးမြို့၊ သိမ်တောင်ပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်းတယမြို့နှင့် ဗထူး၊ ရပ်စောက်မြို့ ပတ်ဝန်းကျင်ဒေသများ အထူးစိမ်းလန်းစိုပြည်ရေး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကွင်းဆင်းဆောင်ရွက်



နေပြည်တော် မတ် ၄

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်အတူ ယမန်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့နယ်ဗထူးတပ်နယ်ရိပ်သာတွင် တပ်နယ်မှတာဝန်ရှိသူများ၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပင်းတယမြို့နှင့် ဗထူး၊ ရပ်စောက်မြို့ပတ်ဝန်းကျင် အထူးစိမ်းလန်းစိုပြည်ရေးသစ်တောစိုက်ခင်းများတည်ထောင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပင်းတယမြို့နှင့် ဗထူး၊ ရပ်စောက်မြို့ ပတ်ဝန်းကျင်ဒေသများ စိမ်းလန်းစိုပြည်စေရေးအတွက် သဘာဝတောကျန်များ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ သစ်စေ့ဘောလုံးကြဲချခြင်း၊ သစ်စေ့စူးထိုးစိုက်ခြင်းလုပ်ငန်းများကို ၂၀၂၅ ခုနှစ် မိုးရာသီတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းစဉ်များ အချိန်မီဆောင်ရွက်ပြီးစီးနိုင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများက ကဏ္ဍအလိုက်ပေါင်းစပ်ဆောင်ရွက်သွားရေး၊ ပွင့်လင်းရာသီတွင် ဖြစ်ပေါ်လေ့ရှိသည့် Fire Hotspots လျော့နည်းစေရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ပပျောက်စေရေးအတွက် အလေးထားဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း စိမ်းလန်းစိုပြည်ရေး သစ်တောစိုက်ခင်းများတည်ထောင်ရေးနှင့် လုပ်ငန်းစဉ်များ အချိန်မီပြီးစီးရေးအတွက် ဝန်ကြီးဌာနနှင့် ပြည်နယ်အတွင်းရှိ ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး၊ တပ်နယ်မှူးနှင့် တာဝန်ရှိသူများက သစ်တောစိုက်ခင်းတည်ထောင်ရန် မြေနေရာရွေးချယ်ထားမှုနှင့် ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဗထူးတပ်နယ် ပတ်ဝန်းကျင်ရှိ သစ်တောစိုက်ခင်းတည်ထောင်ရန် ရွေးချယ်ထားသော မြေနေရာကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များမှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရပ်စောက်မြို့နယ်ရှိ မွေ့တော်သစ်ဆိပ်သို့ရောက်ရှိရာ မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိသူများက သစ်ထုတ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)


# နှစ် (၈၀) ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ရေ) ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပ

နေပြည်တော် မတ် ၄

နှစ် (၈၀) ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ရေ) ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် သန်လျင်တပ်နယ်၊ တပ်နယ်ခန်းမ၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကွပ်ကဲမှုအောက် ဌာနချုပ်များ၊ ကျောင်းများနှင့်တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြသည်။

အဆိုပါ တပ်မတော်(ရေ)ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲသို့ဝင်ရောက်ဖြေဆိုကြသည့် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအား ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စားရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ထွန်းလူနှင့် တာဝန်ရှိသူတို့က သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ရေ) ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ကျင်းပစဉ်။

# ရန်ကုန်နည်းပညာတက္ကသိုလ်အား ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၄

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့က ရန်ကုန်နည်းပညာတက္ကသိုလ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တက္ကသိုလ်စုဝေးခန်းမတွင် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ အင်ဂျင်နီယာဘာသာရပ်အလိုက် ဌာနမှူးများနှင့်တွေ့ဆုံပြီး တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံတကာသုတေသနစီမံကိန်းများကို ပူးပေါင်းဆောင်ရွက်ရန်နှင့် နည်းပညာအရွေ့နှင့်အတူ အမီလိုက်ပါဆောင်ရွက်နိုင်ရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာနရှိ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေစီမံကိန်း (၂၀၂၁) ဖြင့် ဆောင်ရွက်ထားသော နေရောင်ခြည်အလင်းစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းဆိုင်ရာသုတေသနဓာတ်ခွဲခန်း (Solar Photovoltaic Research Laboratory) ရှိ အဆင့်မြင့်ကိရိယာများတပ်ဆင်ထားရှိမှု၊ ဆိုလာကားပါကင်တည်ဆောက်ပြီးစီးမှု၊ လေးထပ်ခွဲဗိသုကာဌာနဆောင် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် မတ် ၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့သို့ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် ရုရှားဖက်ဒရယ်ကောင်စီလွှတ်တော်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်အဆောက်အဦသို့ရောက်ရှိကြရာ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖက်ဒရယ်ကောင်စီလွှတ်တော်ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌက ဖက်ဒရယ်ကောင်စီလွှတ်တော်မှ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် ဖက်ဒရယ်ကောင်စီလွှတ်တော် အစည်းအဝေးခန်းမ၌ တွေ့ဆုံပွဲကို ကျင်းပပြုလုပ်၍ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ အစိုးရအချင်းချင်း၊ နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်းဆက်ဆံရေး တိုးတက်ကောင်းမွန်မှုအခြေအနေများ၊ လွှတ်တော်နှစ်ရပ်အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများ၊ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပချိန်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်မှ လေ့လာရေးအဖွဲ့များ စေလွှတ်ပေးသွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၌ လွှတ်တော်ပြန်လည်ဖွဲ့စည်းပြီးချိန်၌ လွှတ်တော်နှစ်ရပ်အကြား ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ရုရှားနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဖက်ဒရယ်ကောင်စီမှတာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်းသတင်းရရှိသည်။

(၁၀၀)

---

**❑ ကျောဖုံးမှအဆက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့် တာဝန်ရှိသူများ၊ ရုရှားအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်အတူ ရုရှားအစိုးရအဖွဲ့မှဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ်က အဆွေတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ယခုကဲ့သို့ မိမိတို့နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်လာရောက်မှုအတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ **အာရှ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**ပစိဖိတ်ဒေသတွင် မြန်မာနိုင်ငံသည် ရုရှားနိုင်ငံ၏ အဓိကလုပ်ဖော်ကိုင်ဖက် မဟာမိတ်နိုင်ငံတစ်ခုဖြစ်**ပါကြောင်းနှင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်မှုမှတစ်ဆင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်စေမည်ဖြစ်ကြောင်းဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကား ဦးစွာပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့တွေ့ဆုံရသည့်အတွက် မိမိအနေဖြင့်ဝမ်းမြောက်ပါကြောင်း၊ **နှစ်နိုင်ငံသံတမန်ဆက်ဆံမှုသည် (၇၇)နှစ် ပြည့်မြောက်ကျော်လွန်ခဲ့ပြီဖြစ်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးတက်ကောင်းမွန်လျက်ရှိ**ကြောင်းနှင့် မိမိနှင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ချစ်ခင်ရင်းနှီးစွာဖြင့် ကြိုဆိုနှုတ်ဆက်မှုအတွက်လည်း ကျေးဇူးတင်ရှိကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အာကာသနှင့်ဂြိုဟ်တုနည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ အပြန်အလှန်တိုးတက်လာစေရေး၊ မြန်မာနိုင်ငံသို့ ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံစေရေးဖိတ်ခေါ်မှုများ၊ နှစ်နိုင်ငံအကြား သဘောတူညီမှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြား အစိုးရအဖွဲ့အဆင့်မြင့်အရာရှိကြီးများ အပြန်အလှန်ချစ်ကြည်ရေးခရီးများ အပြန်အလှန်လည်ပတ်နိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် သီးခြားတွေ့ဆုံဆွေးနွေးစဉ်။

ဒုတိယအကြိမ် ထပ်မံတွေ့ဆုံရသည့်အတွက် ဝမ်းမြောက်၊ ယခု နိုင်ငံတော်ဝန်ကြီးချုပ်၏ခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် များစွာအကျိုးဖြစ်ထွန်းစေ၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်မည်ဖြစ်၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက် ပိုမိုတိုးတက်လာပြီဖြစ်၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိ . . .

**ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin**

ယခုကဲ့သို့ ရုရှားနိုင်ငံ၏ အထင်ကရဖြစ်သည့် ကရင်မလင်နန်းတော်၌ အဆွေတော်နှင့်ပြန်လည်တွေ့ဆုံရသည့်အတွက် အထူးဝမ်းမြောက်၊ (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၌တွေ့ဆုံခဲ့ပြီး ယခုအခါ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးခြင်းဖြစ်၊ ရုရှားနိုင်ငံသည် မြန်မာနိုင်ငံအတွက် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်းနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ခရီးဝေးကွာသော်လည်း ချစ်ကြည်ရင်းနှီးသည့်နိုင်ငံများဖြစ်၊ နှစ်နိုင်ငံသည် ရှေးသမိုင်းအစဉ်အဆက်ကတည်းကပင် အေးအတူပူအမျှနေထိုင်ခဲ့ကြ၊ နှစ်နိုင်ငံသံတမန်ဆက်ဆံမှုမှာ (၇၇)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်၊ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုသည် မိမိတို့နှစ်နိုင်ငံအတွက် များစွာအကျိုးရှိ . . .

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားစဉ်။

★ **ရှေ့ဖုံးမှအဆက်**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံခြားရေးဝန်ကြီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ပြည်ပဆက်ဆံရေးလက်ထောက်အရာရှိ၊ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ တာဝန်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ❖ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပညာသင်ကြားရေးကဏ္ဍ၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေး. . .

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက်ပိုမိုတိုးတက်လာပြီဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင်လည်း ပူးပေါင်းဆောင်ရွက် လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ မော်စကိုမြို့တွင်တွေ့ဆုံမှုအတွက် ဝမ်းမြောက်ကြောင်းကို မိမိအနေဖြင့် ထပ်မံပြောကြားလိုပါကြောင်းဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ ရုရှားနိုင်ငံ၏ အထင်ကရဖြစ်သည့် ကရင်မလင်နန်းတော်၌ အဆွေတော်နှင့် ပြန်လည်တွေ့ဆုံရသည့်အတွက် အထူးဝမ်းမြောက်ပါကြောင်း၊ (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၌တွေ့ဆုံခဲ့ပြီးယခုအခါ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံသည်မြန်မာနိုင်ငံအတွက် မိတ်ဆွေကောင်း၊မိတ်ဆွေဟောင်းနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ခရီးဝေးကွာသော်လည်း ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများဖြစ်ပါကြောင်း၊ နှစ်နိုင်ငံသည် ရှေးသမိုင်းအစဉ်အဆက်ကတည်းကပင် အေးအတူပူအမျှ နေထိုင်ခဲ့ကြကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံမှုမှာ (၇၇)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုသည် မိမိတို့နှစ်နိုင်ငံအတွက် များစွာအကျိုးရှိပါကြောင်း၊ တွေ့ဆုံမှုအတွက် ပညာသင်ကြားရေးကဏ္ဍ၊ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် အောင်ဇေယျရပ်ကွက် မအူတောကျေးရွာအုပ်စုနှင့် သက်နှင်းအင်းကျေးရွာအုပ်စုတို့တွင် စက်မှုလယ်ယာစနစ်ကျလယ်မြေ ၂၆၀ ဒသမ ၇၀ ဧက ဖော်ထုတ်ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေနှင့် စိုက်ပျိုးရေပေးဝေနေမှုများ၊ နွေစပါးကို မျိုးစေ့ချကိရိယာ (Seeder)နှင့် ကောက်စိုက်စက်တို့ဖြင့် စိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာ ရွှေဟသာ်ဘုန်းတော်ကြီးကျောင်း၌ နေပြည်တော်ကုသရေးဦးစီးဌာနက ဦးဆောင်၍နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၃၀၀ နှင့် တပ်ကုန်းမြို့ပြည်သူ့ဆေးရုံ ခုတင် -၁၀၀ တို့မှ အထူးကုဆရာဝန်များ ပါဝင်သောအဖွဲ့က ကင်းသာကျေးရွာ၊ ရှောက်ကုန်းကျေးရွာ၊ မကျီးကုန်းကျေးရွာ၊ ကျားသေအိုင်ကျေးရွာ၊ နွယ်ရစ်ကျေးရွာနှင့် ရွှေမြို့ကျေးရွာတို့မှ ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး အထူးကုဆရာဝန်ကြီးများကို အမှတ်တရသစ်သီးခြင်းပေးအပ်ကာ လာရောက်ဆေးကုသမှုခံယူသည့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အာဟာရဖြည့်စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်သည်။

ထို့နောက် တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက်အတွင်းရှိဦးတင်ထွန်းအောင်၏ မွေးမြူရေးခြံတွင် တောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးပြောကြားပြီး တောင်သူဦးတင်ထွန်းအောင်၏နွားမွေးမြူရေးခြံအတွင်း နွားများမွေးမြူထားရှိမှုများ၊ စပါးခွံ၊ နွားချေး၊ ကြံမြှုပ်ချေး၊ ဖွဲနု၊ EM ဘိုကာရှီနှင့် တင်လဲရည်တို့ဖြင့် စိုက်ပျိုးဧက ၂၀ စာအတွက် သဘာဝမြေဆွေးပြုလုပ်ထားရှိမှုနှင့် နွေစပါးစိုက်ပျိုးနေမှုကိုကြည့်ရှုအားပေးသည်။

ယင်းနောက် တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ရောက်ရှိပြီး အဆိုပါကျောင်းအတွင်း ရေဘေးကြောင့်ထိခိုက်ပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများနှင့် ကလေးကစားကွင်းဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေး၍ ကျောင်းစာကြည့်တိုက်အတွက် မတည်ငွေနှင့် စာအုပ်များကို ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည်တပ်ကုန်းမြို့နယ် ကံကြီးမွေးမြူရေးဇုန်ရှိ ရှင်းလင်းဆောင်တွင် ကံကြီးမွေးမြူရေးဇုန်နှင့် ရွှေမြို့မွေးမြူရေးဇုန်တို့မှ မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ လိုအပ်ချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# သဘာဝဘေးရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် မွေးမြူရေးတောင်သူ ၅၇ ဦးအတွက် ဒေသနွား ၂၅၄ ကောင် ပေးအပ်

နေပြည်တော် မတ် ၄

ရာဂိမုန်တိုင်းအရှိန်ဖြင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် မွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ပြန်လည်လုပ်ကိုင်နိုင်ကြစေရန် မွေးမြူရေးတိရစ္ဆာန်များပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တပ်ကုန်းမြို့နယ်ဘုရင့်နောင်ရပ်ကွက်၌ ကျင်းပသည်။

အခမ်းအနား၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ဒေသအလိုက် စားရေရိက္ခာဖူလုံပိုလျှံရေးအတွက် နိုင်ငံတော်က ဘက်စုံကဏ္ဍစုံမှ အားပေးကူညီဆောင်ရွက်ပေးလျက်ရှိပြီး ပြည်သူများ အာဟာရပြည့်ဝရေးအတွက် အရေးပါသည့် အသား၊ ငါး၊ ဥ၊ နို့ နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကိုလည်း မြှင့်တင်ဆောင်ရွက်ပေး



လျက်ရှိရာ သဘာဝဘေးကြောင့် ထိခိုက်ခဲ့ရသည့် မွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်မပျက်ပြန်လည်လုပ်ကိုင်နိုင်ကြစေရန် ယခုကဲ့သို့ နယ်မြေအလိုက် မွေးမြူရေးတိရစ္ဆာန်ကောင်ရေ ပြည့်မီအောင်ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သဘာဝဘေးရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် မွေးမြူရေးတောင်သူ ၅၇ ဦးအတွက် ဒေသနွား ၂၅၄ ကောင်ကို ဒုတိယဝန်ကြီးနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်တို့က ပေးအပ်ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မွေးမြူရေးလုပ်ကိုင်သူများကို မွေးမြူရေးတိရစ္ဆာန်များ ပြန်လည်ဖြည့်ဆည်းပေးလျက်ရှိရာတွင် ယနေ့အထိ ကျွဲ ၇၁ ကောင်၊ နွား ၁၂၁၅ ကောင်၊ ဝက် ၃၉၅၇ ကောင်၊ သိုး၊ ဆိတ် ၁၆၈၈ ကောင်၊ ဒေသကြက် ၂၃၂၀၇ ကောင်၊ အသားတိုးကြက် ၉၃၇၀၀ ၊ ဥစားကြက် ၉၁၁၅ ကောင်၊ ဘဲ ၁၁၁၆၃ ကောင် ပြန်လည်ဖြည့်ဆည်းပေးခဲ့ပြီး ဆုံးရှုံးခဲ့ရသည့်မွေးမြူရေးတိရစ္ဆာန်ကောင်ရေ ပြည့်မီအောင်ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့အခမ်းအနားတွင် တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက်မှ မွေးမြူသူ ၅၇ ဦးအတွက် ဒေသနွား ၂၅၄ ကောင်ကို ပေးအပ်ခဲ့ပြီး အနော်ရထာရပ်ကွက်အတွက် ပေးအပ်ရန် ကျန်ရှိသည့် နွား ၄၂၅ ကောင်ကိုလည်း ယခုလအတွင်း ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရွှေမြို့မွေးမြူရေးဇုန်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကာကီကင်းဥစားဘဲ ဥဖောက်စက်သို့ရောက်ရှိပြီး ဘဲသားဖောက်လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပဲခူးဘုရားကြီးဘဲမွေးမြူရေးခြံသို့ပို့ဆောင်၍ မွေးမြူသူများအား ဖြန့်ဖြူးမည့်ဘဲပေါက်ကောင်ရေ ၃၁၃၀ နှင့် ဒေသနွားမျိုးမြှင့်တင်ခြင်းဆောင်ရွက်နိုင်ရန် အဓိကလိုအပ်သည့် ဒေသနွားငါးမျိုး၏မျိုးဆိုင်ရာ အခြေခံစံနှုန်းများသတ်မှတ်နိုင်ရန် ဒေသနွားမွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိရစ္ဆာန်ဆေးဝါးထုတ်လုပ်ရေးနှင့် ရောဂါထိန်းချုပ်ရေးဌာနခွဲ ဇီဝလုံခြုံမှုအဆင့်(၂) ခွာနာလျှာနာရောဂါ ရှာဖွေရေးဓာတ်ခွဲခန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအထူးရန်ပုံငွေ (2022) “စီမံကိန်းပြီးမြောက်ခြင်း အလုပ်ရုံဆွေးနွေးပွဲ” နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအထူးရန်ပုံငွေ(2022) ၏ “မဲခေါင်ဒေသဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ” ကျင်းပ

နေပြည်တော် မတ် ၄

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအထူးရန်ပုံငွေ (2022) “စီမံကိန်းပြီးမြောက်ခြင်း အလုပ်ရုံဆွေးနွေးပွဲ” နှင့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးအထူးရန်ပုံငွေ(2022) ၏ “မဲခေါင်ဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ”ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။

အခမ်းအနားသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ ၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့မှ ပါမောက္ခများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ကိုယ်စားလှယ်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သစ်တောဦးစီးဌာနမှတာဝန်ရှိသူများနှင့် သုတေသီများတက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးမင်းသူက အမှာစကားပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Zhang Zhonghua က မဲခေါင်မြစ်ဝှမ်းဒေသ၏ အရေးပါမှုနှင့်တရုတ်-မြန်မာချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများဆိုင်ရာ အထိမ်းအမှတ် ဗီဒီယိုအားပြသပြီး စီမံကိန်းဆိုင်ရာ တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ထားရှိမှု ပိုစတာများကို ရှင်းလင်းပြသဆွေးနွေးကြကာ တက်ရောက်လာကြသည် တရုတ်၊ ထိုင်း၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့မှ ပါမောက္ခများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ကိုယ်စားလှယ်များ၊ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ၊ သုတေသီများနှင့် စီမံကိန်းတာဝန်ရှိသူများက မိမိတို့သက်ဆိုင်သည့် လုပ်ငန်းတာဝန်များအလိုက် ရှင်းလင်းတင်ပြကြ၍ တက်ရောက်လာသူများ၏ မေးခွန်းမေးမြန်းမှုများအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအထူးရန်ပုံငွေ (2022) ၏ ပထမဆုံးသော ပရောဂျက်ဖြစ်သည့် “ရေအသုံးချခြင်းဆိုင်ရာလုံခြုံမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ အသိပညာပေးခြင်း” စီမံကိန်း (MLC-Education Project) ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် စတင်၍ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် အောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်းသိရပြီး ဒုတိယစီမံကိန်းဖြစ်သော “မြန်မာနိုင်ငံမဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိ သဘာဝဆေးဖက်ဝင်အပင်မျိုးစိတ်များစိုက်ပျိုးခြင်း၊ ပြုစုခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်းစီမံကိန်း” (MLC-Medicinal Plants Project)” သည် ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၅ ခုနှစ် အောက်တိုဘာလအထိ နှစ်နှစ်ကြာဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

မှတ်စုတို

# မြေဆီလွှာထက်သန်ရေး ပိုက်ဆန်လျှော်(သစ်စိမ်းမြေသြဇာ)ထည့်သွင်းပေး

မြန်မာနိုင်ငံသည် အပူပိုင်းဇုန်အတွင်း ကျရောက်သော နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ သမပိုင်းဒေသနဲ့နီးကပ်သော ဒေသများ၊ ပင်လယ်ကမ်းရိုးတန်းနဲ့ နီးသောနေရာဒေသများတွင် အပူနဲ့ အအေးမျှတပြီး မိုးရွာသွန်းမှုကောင်းမွန်ကာ သီးနှံများအောင်မြင်ဖြစ်ထွန်းနိုင်ပါတယ်။ သို့သော်လည်း ပင်လယ်ကမ်းရိုးတန်းနဲ့ဝေးကွာတဲ့ အပူပိုင်းဒေသများတွင်မူ မိုးရွာသွန်းမှုနည်းသည့်အပြင် သီးနှံပင်များ နှစ်စဉ်စိုက်ပျိုးခဲ့ရာမှာ အပူရှိန်များခြင်း၊ ရေ၊ လေ တိုက်စားမှုများခြင်းတို့ကြောင့် မြေဆီသြဇာတဖြည်းဖြည်းခန်းခြောက်ပြီး သဲဆန်သည့်မြေများအဖြစ် ပြောင်းလဲလာပါတယ်။

ထို့ပြင် မြေယာပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်မှုမရှိပါက သီးနှံအထွက်နှုန်းများလည်းကျဆင်းလာကာ ပြန်လည်ပြုပြင်ရန် ခက်ခဲသည့်အခြေအနေသို့ ရောက်ရှိနိုင်ပါတယ်။ သို့ပါ၍ ယခုအချိန်မှစ၍ မြေဆီမြေသြဇာထက်သန်စေပြီး အပူရှိန်၊ ရေနှင့်လေဒဏ်တို့ကို ကာကွယ်ပေးသည့် သီးနှံနဲ့အပင်များ စိုက်ပျိုးခြင်း ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ပါတယ်။

မြေဆီမြေသြဇာ ထက်သန်အောင် သဘာဝမြေသြဇာများဖြစ်သော (နွားချေးဆွေး၊ သစ်ရွက်သစ်ပင်ဆွေး)များ ထည့်သွင်းပေးခြင်း၊ သစ်စိမ်းမြေသြဇာ(ဘောစကိုင်း၊ ညံပင်၊ ပိုက်ဆန်လျှော်နှင့် ပဲမျိုးစုံ) ကျွေးပေးခြင်း၊ လေကာပင်တန်း (ဘောစကိုင်း၊ ဝါကြီးနှင့် ပဲစင်းငုံ)စသည်များ စိုက်ပျိုးပေးခြင်း၊ သီးနှံစိုက်စနစ်(သီးထပ်၊ သီးညှပ်၊ အလှည့်ကျစိုက်ခြင်း)များ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

အပင်၏ အစိမ်းရောင်အစိတ်အပိုင်းများကို မြေကြီးအတွင်းသို့ထယ်ထိုးမြှုပ်နှံပြီး ဆွေးမြည့်စေကာ မြေသြဇာအဖြစ်အသုံးပြုခြင်းကို သစ်စိမ်းမြေသြဇာကျွေးခြင်းဟု ခေါ်ပါတယ်။ သစ်စိမ်းမြေသြဇာအဖြစ် ပိုက်ဆန်လျှော်၊ ပဲမျိုးရင်းဝင်အပင်များနှင့် ပဲမျိုးရင်းဝင်မဟုတ်သော အပင်များကိုလည်း အသုံးပြုနိုင်ပါတယ်။ သစ်စိမ်းမြေသြဇာအဖြစ် အသုံးပြုနိုင်သည့်မျိုးများအနက် ပိုက်ဆန်လျှော်ကို သစ်စိမ်းမြေသြဇာအဖြစ် တောင်သူများပြုလုပ်သုံးစွဲသင့်ပါတယ်။

ပိုက်ဆန်လျှော်ကို နေရာဒေသအမျိုးမျိုးတွင် စိုက်ပျိုးနိုင်ပြီး သက်တမ်းမှာ လေးလမှ ငါးလအထိကြာမြင့်ပါတယ်။ ပျမ်းမျှအပူချိန်အားဖြင့် ၁၅ မှ ၂၇ စင်တီဂရိတ်အတွင်း နှစ်သက်သော်လည်း ၈ ဒသမ ၄ ဒီဂရီအထိအေးသော နေရာအချို့တွင်လည်း ပေါက်ရောက်နိုင်ပါတယ်။ ပိုက်ဆန်လျှော်၏အားသာချက်မှာ မြေယာအထူးပြုပြင်စရာမလိုဘဲ စိုက်ပျိုးနိုင်ခြင်းဖြစ်ပါတယ်။ မြေချဉ်ငန်ကိန်းအနေဖြင့် ၅ မှ ၈ ဒသမ ၅ အတွင်းတွင် စိုက်ပျိုးနိုင်ပြီး ပိုက်ဆန်လျှော်ကို မျိုးစေ့ထုတ်ရန် စိုက်ပျိုးပါက ပင်ကြား၊ တန်းကြား ၃ ပေ၊ ၁ ပေ သို့မဟုတ် ၂ ပေ၊ ၂ ပေ စိုက်ပျိုးသင့်ပါတယ်။

သစ်စိမ်းမြေသြဇာ အပင်များကို ထယ်ထိုးမြေမြှုပ်ရမည့် အကောင်းဆုံးအချိန်မှာ ပန်းပွင့်ချိန်ဖြစ်ပါတယ်။ သစ်ပင်များ၏ သဘာဝအရ ပန်းပွင့်ချိန်တွင် အပင်တွင်း အာဟာရများပြည့်ဝနေပြီး ပင်စည်များမှာ မရင့်သေးသည့်အတွက် ဆွေးမြည့်ရန်အတွက် အချိန်ကြာကြာမလိုအပ်ပါ။



ပိုက်ဆန်လျှော်ကို သစ်စိမ်းမြေသြဇာအဖြစ် ပြုလုပ်အသုံးပြုမည်ဆိုပါက ပန်းပွင့်ချိန်ထက်စောပြီး မြေမြှုပ်ပါက ဆွေးမြည့်ချိန်မြန်သော်လည်း အပင်အရွယ်အစားသေးသည့်အတွက် အာဟာရရရှိမှုနည်းမှာဖြစ်ပါတယ်။ ယာမြေ၊ ယာသီးနှံများအတွက် မြေမြှုပ်ပြီး တစ်လကြာလျှင် စိုက်ပျိုးနိုင်ပါတယ်။

(စပါး၊ ပဲ၊ နှမ်း၊ ပြောင်း) စတဲ့ မည်သည့်သီးနှံမဆို စိုက်ပျိုးမည့်မြေမှာမစိုက်ပျိုးမီ ပိုက်ဆန်လျှော်မျိုးစေ့ကို ပက်ကြဲထားပြီးနောက် အပင် ၄၅ ရက်သားအရွယ်ရောက်သည့်အချိန်တွင် ထယ်ထိုး၊ ထွန်မွှောက်ပြီး နှစ်ပတ်အကြာထားကာ ရေသွင်းလိုက်လျှင် စိုက်ပျိုးမည့်မြေကိုပြုပြင်ပေးပြီး သစ်စိမ်းမြေသြဇာဖြစ်လာပါတယ်။

စိုက်ပျိုးပြီးသော ပိုက်ဆန်လျှော်အပင်များကို အခြောက်လှန်းထုထောင်းခြင်းဖြင့် အချိန်ကြာမြင့်စွာသိုလှောင်နိုင်ပြီး ပိုက်ဆန်လျှော်မြေသြဇာအဖြစ် အသုံးပြုနိုင်ပါတယ်။

အချို့နေရာများတွင် ဒေသရာသီဥတုနှင့် မကိုက်ညီသဖြင့် စိုက်ပျိုးရန်မဖြစ်နိုင်သောနေရာများတွင် အခြောက်လှန်းထားသော ပိုက်ဆန်လျှော်မြေသြဇာကိုအသုံးပြုနိုင်ပါတယ်။ ဒီထက်ပိုထားပါက အာဟာရများမှာ အသီးများ၊ အစေ့အဆန်များထဲတွင် ရောက်ရှိသွားပြီး ပင်စည်များမာကျောလာကာ ဆွေးမြည့်ချိန်ကြာမြင့်လာပါမယ်။

ပိုက်ဆန်လျှော်ကို သစ်စိမ်းမြေသြဇာအဖြစ်အသုံးပြုပါက ရရှိနိုင်မည့်အကျိုးကျေးဇူးများမှာ ကုန်ကျစရိတ်သက်သာခြင်း၊ သဲဆန်သောမြေများအတွက် ကောင်းမွန်ခြင်း၊ စေးသောမြေများအတွက် ကောင်းမွန်ခြင်း၊ မြေဆီလွှာတိုက်စားခံရခြင်းမှ ကာကွယ်ပေးခြင်း၊ မြေကြီးအပူချိန်ကို ထိန်းညှိပေးခြင်း၊ မြေတွင်းအာဟာရဓာတ်ကြွယ်ဝစေ၍ မြေသြဇာအဖြစ် အသုံးပြုနိုင်ခြင်း၊ ပိုးမွှားကျရောက်မှုကို တားဆီးပေးခြင်း၊ သီးနှံအထွက်နှုန်းတိုးတက်လာစေခြင်းဖြစ်ပါတယ်။ ပိုက်ဆန်လျှော်ကို လျှော်အဖြစ်ထုတ်လုပ်နိုင်ပြီး သစ်စိမ်းမြေသြဇာအဖြစ်လည်း အသုံးဝင်ကာ စိုက်ပျိုးရေးအခန်းကဏ္ဍတွင် အရေးပါလာပြီဖြစ်ပါတယ်။ ပိုက်ဆံလျှော်အပင်မှရရှိသောလျှော်ဖြင့် လူသုံးကုန်များထုတ်လုပ်နိုင်သည့်အပြင် ကျွဲ၊ နွားအစားအစာအဖြစ်လည်းအသုံးပြုနိုင်ပါတယ်။ မြေသြဇာအဖြစ် အသုံးပြုမည်ဆိုပါက သီးနှံအပင်များ နှစ်သက်သောအာဟာရတန်ဖိုးများစွာပါဝင်သည့်အပြင် ကျွဲ၊ နွားအစားအစာအဖြစ် အသုံးပြုသည့်အတွက် ပရိုတိန်းဓာတ်များစွာပါဝင်ပြီး အာဟာရပါဝင်မှုမှာ အပင်၏အစိတ်အပိုင်းအလိုက် ကွဲပြားမှုရှိပါတယ်။

မြေဆီလွှာအား ပြန်လည်ကောင်းမွန်အားပြည့်လာစေပြီး စိုက်ပျိုးသူတောင်သူကြီးများအတွက် ငွေမကုန်လူမပင်ပန်းဘဲ အကုန်အကျသက်သာစေသော ပိုက်ဆန်လျှော်ကို နိုင်ငံခြားဖြစ် ဓာတ်မြေသြဇာများအစား အစားထိုးစိုက်ပျိုးသုံးစွဲပါက မြေဆီလွှာပျက်စီးမှုနည်းကာ စိုက်ပျိုးထုတ်လုပ်သူတောင်သူကြီးများ၏မြေယာပြုပြင်စရိတ်အတွက် အကုန်အကျသက်သာစေရုံသာမကဘဲ စားသုံးသူပြည်သူများအတွက်ပါ ကျန်းမာရေးနှင့်ညီညွတ်သောအသီးအနှံများကို စားသုံးခွင့်ရရှိမည်ဖြစ်သည်။ ထိုသို့လျှင် နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် ဓာတ်မြေသြဇာအစားထိုး ပိုက်ဆန်လျှော်အပင်များအားစိုက်ပျိုးပြီး ထယ်ထိုးမြေမြှုပ်ခြင်းဖြင့် ရေရှည်မြေဆီလွှာတိုးတက်ရေးအတွက် ပိုက်ဆန်လျှော်စိုက်ပျိုးခြင်းကို တိုးမြှင့်လုပ်ဆောင်သင့်ပါကြောင်း ရေးသားတင်ပြအပ်ပါတယ်။ ။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၆၅ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့


မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်စဉ်။

နေပြည်တော် မတ် ၄

မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)ဖြင့် အွန်လိုင်း အသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၆၅ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီးဆောင်ရွက်နေမှုကို ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်က လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ပြည်ပနိုင်ငံသားများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ လုံခြုံရေးနှင့် ပြည်နှင်လွှဲပြောင်းရေးကိစ္စရပ်များတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေး ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ မတ်လ ၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၃၉၉၂ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၅၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၂၃၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းထားရှိကြောင်း သိရသည်။

အဆိုပါထိန်းသိမ်းခဲ့သည့်ပြည်ပနိုင်ငံသား ၃၉၉၂ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂမ်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာနှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**မတ်လ ၁ ရက်**တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၃)မျိုးနှင့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Van(၂)စီး၊ JMC Van (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၅၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မတ်လ ၃ ရက်**တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပူတာအိုမြို့နယ်၊ နမ်ဒင်ကျေးရွာ၊ မလိခမြစ်တစ်ဖက်ကမ်း၌ တရားမဝင်ရွှေတူးဖော်ရာတွင်အသုံးပြုသည့် ဝါးဖောင်(၉)ခု၊ အင်ဂျင်(၉)လုံးနှင့် ဆက်စပ်ပစ္စည်း(၃)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ဦးအောင်ဇေယျ (၅)လမ်းရှိကမ်းနားဆိပ်တွင် စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်း(၄)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၃၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-ray စက် စစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၈၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူမန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌မန္တလေးမြို့မှမြစ်ကြီးနားမြို့သို့သွားရောက်မည့် မော်တော်ယာဉ်(၃)စီးနှင့် မန္တလေးမြို့မှ ဖားကန့်မြို့သို့သွားရောက်မည့် မော်တော်ယာဉ်(၁)စီးတို့ပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၃၃)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၁၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၂၄၆၄၉၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Gallop Truck (၁)စီး၊ Nissan Condor Truck (၁)စီး၊ Mitsubishi Canter Truck(၁)စီး၊ Nissan Diesel Tractor Head(၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ တောင်ကြီးမြို့မှမန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Jin Bei Haise Mini Bus(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ပလိပ်မြို့လမ်းခွဲအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့၊ မြို့ရှောင်လမ်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၃၉၃၇၅၀) နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Truck (၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၆၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၅၂၄၀၂၄၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့၊ ငန်းတေးဂေါက်ကွင်းအနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ် (၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck(၂)စီး၊ Hingo Ranger Truck (၁)စီးနှင့် Mitsubishi Fuso Truck(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀၀၀)ကိုလည်းကောင်း၊ မော်လမြိုင်မြို့၊ မြေနီကုန်းကားကြီးဝင်းရှိ ရိုးရိုးလေးကားဂိတ်အနီး၌ စုပုံထားသော အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၂၅၀၀၀၀)ကိုလည်းကောင်း၊ မော်လမြိုင်မြို့၊ ရခိုင်ကုန်းရပ်ကွက်၊ မော်လမြိုင်-သံဖြူဇရပ်လမ်းမကြီး၊ လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၀၀၀၀၀၀)ကိုလည်းကောင်း၊ မော်လမြိုင်မြို့၊ ကျိုက်မရောလမ်းမကြီး၊ လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၂၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွာသာကြီးကုန်းတွင်းဆိပ်ကမ်း၊ Resources Group Logistics ၌ ပိုင်ရှင်မှစွန့်လွှတ်ကြောင်း တင်ပြလာသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၉၅၇၁၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ်လ ၁ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၄၀)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၁၈၃၅၉၅၀)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ဥဒည်ပန်းအဝိုင်းအနီး၊ဓနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၄၃၅၀၀၁၊ ၀၆၇ ၄၄၃၅၀၀၂၊၀၆၇ ၄၄၃၅၀၀၅၊ ၀၆၇ ၄၄၃၅၀၀၉၊ Fax - ၀၆၇၄၄၃၅၀၀၈၊ Email; myanmarland2005@gmail.com


မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း
MYAWADDY
အရည်အသွေးမှန်၊အရေအတွက်မှန်၊ ကောင်းမွန်သော
ဝန်ဆောင်မှုတို့ဖြင့်
ရန်ကုန်၊ကျောက်တံခါး၊ပဲခူးယ်ကုန်း၊ဖြူး၊နေပြည်တော်၊
သာစည်၊ကျောက်ဆည်၊မန္တလေး၊ကျောက်မဲ၊ပြင်ဦးလွင်၊
ပခုက္ကူ၊အောင်လံ၊ပြည်၊ဝါဇီတို့တွင်လွတ်လပ်စွာ
ဝယ်ယူနိုင်ပါသည်။
ဖုန်း။၉၅–၀၁–၅၃၆၅၅၇၊၅၃၁၁၂၈၊၅၃၁၁၂၉


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ခြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PYIN OO LWIN
Nan Myaing
2+1 coffee
Black Coffee
PYIN OO LWIN
NAN MYAING
PURE ARABICA Coffee
100% PURE ARABICA COFFEE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၀၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ပြည့်စွမ်းတား
DAGON
MALTA FRESH
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ


ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ၊ Asia Center for Air Pollution Research (ACAP) နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့်လေထုအတွင်း(2.5 µg) နှင့်အောက် သေးငယ်သောအမှုန်အမွှားများ (Particulate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် $PM_{2.5}$ Monitor စက်တပ်ဆင်၍လေအရည်အသွေး ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၆-၃-၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၂၈ ရက်အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် ဖေဖော်ဝါရီလ ၁၁၊ ၂၀၊ ၂၅၊ ၂၆၊ ၂၇ ရက်နှင့် ၂၈ ရက်တို့သည် AQI Range 51–100 အတွင်းတွင် ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate)၊ ၁၊ ၅၊ ၆၊ ၉၊ ၁၀၊ ၁၂၊ ၁၃၊ ၁၆ ရက်နှင့် ၁၉ ရက်တို့သည် AQI Range 101–150 အတွင်းတွင်ရှိသောကြောင့် ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကို ထိခိုက်စေသောအဆင့် (Unhealthy for Sensitive Group) နှင့် ကျန်ရက်များသည် AQI Range 151–200 အတွင်းတွင်ရှိသောကြောင့် ကျန်းမာရေးကို ထိခိုက်စေသောအဆင့် (Unhealthy) ဖြစ်ကြောင်းတွေ့ရှိရပါသည်။

တိုင်းတာရရှိခဲ့သည့်မှတ်တမ်းများအရ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်(ကမ္ဘာအေး) ရုံး၏ လေအရည်အသွေးမှာ ဖေဖော်ဝါရီလအတွင်းတွင် အသင့်အတင့်အဆင့်၌ ၆ ရက်၊ ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကိုထိခိုက်စေသောအဆင့်၌ ၉ ရက်နှင့် ကျန်းမာရေးကိုထိခိုက်စေသော အဆင့်၌ ၁၃ ရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ။**




**လေအရည်အသွေးအညွှန်းကိန်း (AQI) အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်။**

| လေအရည်အသွေးအညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ - ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ - ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ - ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ - ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ - ၃၀၀ | ကျန်းမာရေးကိုအလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် - လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ - ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

# ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ


ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ကြီးများ၏ရွာသွန်းသောမိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

၂၀၂၅ ခုနှစ်ဖေဖော်ဝါရီလအတွင်း စခန်း ၁၄ စခန်းမှ မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၁၄ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ-၂)


မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက် ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၁၄ စခန်းတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**ပုံ(၁)မိုးရေနမူနာတိုင်းတာသည့်စခန်းများပြပုံ။**




**ပုံ(၂)၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ။**





၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ။

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | ပူတာအို | ၆.၈ |
| ၂ | တောင်ကြီး | ၇.၁ |
| ၃ | မိုင်းဆတ် | ၇.၂ |
| ၄ | ကျိုင်းတုံ | ၆.၇ |
| ၅ | ပျဉ်းမနား | ၆.၈ |
| ၆ | ရန်ကုန်(ကမ္ဘာအေး) | ၆.၈ |
| ၇ | ပဲခူး | ၇.၁ |
| ၈ | ပုသိမ် | ၇.၂ |
| ၉ | ဟသ်ာတ | ၆.၆ |
| ၁၀ | ဘားအံ | ၇.၀ |
| ၁၁ | ကော့ကရိတ် | ၆.၆ |
| ၁၂ | ထားဝယ် | ၆.၉ |
| ၁၃ | မြိတ် | ၇.၀ |
| ၁၄ | ကော့သောင်း | ၆.၅ |


# ပဲခူးမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် ငွေကျပ် ၂၅ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၇၀၀ နှင့် ဘိန်းဖြူဘလောက်တုံး ၄၈၀၊ အလေးချိန် ၁၆၈ ကီလိုဖမ်းဆီးရမိ

နေပြည်တော် မတ် ၄

ပဲခူးမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် ငွေကျပ် ၂၅ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၇၀၀ နှင့် ဘိန်းဖြူဘလောက်တုံး ၄၈၀၊ အလေးချိန် ၁၆၈ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။




တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ တာမွေမြို့မရဲစခန်းမှ မူးယစ်တရားခံပြေး ဇော်မြတ်ထွန်းသည် ရှမ်းပြည်နယ်မှ ရန်ကုန်သို့ မူးယစ်ဆေးဝါးများ သယ်ဆောင်သွားကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများဆောင်ရွက်နေစဉ်ဖေဖော်ဝါရီလ ၁၆ ရက် နံနက် ၁ နာရီတွင် ပဲခူးမြို့နယ်၊ ဘောနတ်ကြီးကျေးရွာအနီး၊ ရန်ကုန်-မန္တလေး(အမြန်လမ်း)၊ မိုင်တိုင်အမှတ်(၃၉)တွင် သတင်းရရှိထားသည့် ALPHARD ယာဉ်နှင့်အတူ နေမျိုးထက်ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ဖော်ထုတ်ချက်အရ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်-မန္တလေး(အမြန်လမ်း)၊ မိုင်တိုင်အမှတ်(၃၉/၄) အနီးရှိ ယာဉ်ရပ်နားဝင်းတွင် ရပ်တန့်ထားသည့် ALPHARD မော်တော်ယာဉ်ပေါ်မှအိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၄၄၀ သိမ်းဆည်းရမိခဲ့သည်။



ဖမ်းဆီးရမိသူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

စစ်ဆေးဖော်ထုတ်ချက်အရ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဝမ်ဟိုင်းမှ ရန်ကုန်မြို့သို့ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၇၀၀ ကို ငွေကျပ်သိန်း ၁၀၅၀ ဖြင့် တာဝန်ခံသယ်ဆောင်ခဲ့သူ ဇော်မြတ်ထွန်း၊ ကျော်သူရစိုး၊ ကျော်သူဝင်းနှင့် စိုင်းအောင်သူရတင်တို့ကို မင်္ဂလာဒုံမြို့နယ်တွင် WISH မော်တော်ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့၏ဖော်ထုတ်ချက်အရ ရန်ကုန်မှ မြဝတီသို့ ပို့ဆောင်မည့် အိုက်စ် ကီလို ၂၆၀ နှင့် ဘိန်းဖြူဘလောက်တုံး ၁၆၈ ကီလိုအားလက်ခံထားရှိသူ အောင်ဇော်ဝင်းကို မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ကုန်စည်ကားဝင်းတွင် ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး မိတ္ထီလာမှ အမြန်လမ်း(၃၉)မိုင်သို့ မူးယစ်ဆေးဝါးသယ်ဆောင်ခဲ့သူ သူရိန်ထွန်း (ခ) သူရထွန်းကို ကမာရွတ်မြို့နယ်ရှိ ဟိုတယ်တွင်လည်းကောင်း၊ မူးယစ်ဆေးဝါးများသယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် ထက်နိုင်(ခ)ကိုကိုဝင်းသူကို ရပ်စောက်မြို့တွင်လည်းကောင်း၊ ရဲမြင့်သိန်းကို အောင်ပန်းမြို့တွင်လည်းကောင်း၊ အမြန်လမ်း(၃၉) မိုင်မှ ရန်ကုန်မြို့၊ အမှတ်(၇) လမ်းမကြီးသို့ မူးယစ်ဆေးဝါးများ သယ်ဆောင်ပေးသူ ကိုကိုဝင်းကို ရေတာရှည်မြို့နယ်တွင် TOYOTA CROWN မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း၊ ရန်ကုန်မှ မြဝတီသို့ မူးယစ်ဆေးဝါးများ ပို့ဆောင်သူ ရင်ပိုက်ဦး(ခ)ရန်ပိုင်(ခ)လွှမ်းပိုင်ကို ပုသိမ်မြို့၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

မူးယစ်ဆေးဝါးများသယ်ဆောင်ခဲ့သည့် Grand Tiger Double Cab ယာဉ်အား မိတ္ထီလာမြို့နယ်၊ အိုင့်ကျေးရွာတွင်လည်းကောင်း၊ TOYOTA HILUX SURF မော်တော်ယာဉ်အား မရမ်းကုန်းမြို့နယ်တွင်လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၂၅ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၇၀၀ နှင့် ဘိန်းဖြူဘလောက်တုံး ၄၈၀၊ အလေးချိန် ၁၆၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိမူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်ကိုင်းမြို့နယ်အတွင်း၌ လူငယ်များကို ပေါ်တာဆွဲဖမ်းဆီးမှုများလုပ်ဆောင်နေကြောင်း ပြည်သူများ အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားပြီး ဝါဒဖြန့်ဝေလျက်ရှိ




နေပြည်တော် မတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်နှင့် မန္တလေးမြို့သို့ ဆက်သွယ်ထားသည့် ရတနာပုံမြစ်ကူးတံတားအနီးတွင် လူငယ်များကို ပေါ်တာဆွဲဖမ်းဆီးမှုများလုပ်ဆောင်နေကြောင်း အများပြည်သူအထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ စစ်ကိုင်းမြို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ PDF အမည်ခံအကြမ်းဖက်သမားများက မြို့ရွာများ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့်အတွက် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လှည့်ကင်းပတ်ကင်းများဆောင်ရွက်ခြင်း၊ လုံခြုံရေးအရစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြင့် မဟုတ်မမှန်လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။

(၁၀၀)

❖ **လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ်သတ်မှတ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် နိုင်ငံတော်၏လုံခြုံရေးဆိုင်ရာအခြေအနေများနှင့် ပတ်သက်၍ ပြောကြားချက်မှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့်တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် မတ် ၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့သို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် နေ့လယ်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် ရုရှားအစိုးရအဖွဲ့အိမ်တော်အစည်းအဝေးခန်း၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲပြုလုပ်မည့် ရုရှားအစိုးရအဖွဲ့အိမ်တော်သို့ ရောက်ရှိလာရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တွေ့ဆုံပွဲကိုကျင်းပပြုလုပ်သည်။

**စာမျက်နှာ ၁၅ ကော်လံ ၁** ❑

